# ကြေးမုံ

# The Mirror

၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ (24-10-2007) (၅၄၈၀)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဇနီး (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ "စည်းလုံးစို့လေ သွေးချင်းတို့ရဲ့ပြည်" ပြဇာတ်ပြိုင်ပွဲ ကြည့်ရှုအားပေး

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဇနီးတို့ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ စည်းလုံးစို့လေ သွေးချင်းတို့ရဲ့ပြည် ပြဇာတ်ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းကိုယ်စားပြုအဖွဲ့ ယှဉ်ပြိုင်ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၂၃

**(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ "စည်းလုံးစို့လေ သွေးချင်းတို့ရဲ့ပြည်"ပြဇာတ်ပြိုင်ပွဲကို ယနေ့ည ၇ နာရီတွင် နေပြည်တော် ရေဆင်း မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ စတင်ကျင်းပရာ စစ်ကိုင်းတိုင်း ကိုယ်စားပြုအဖွဲ့ ယှဉ်ပြိုင်ကပြ ဖျော်ဖြေတင်ဆက်သည်။**

စည်းလုံးစို့လေ သွေးချင်းတို့ရဲ့ပြည် ပြဇာတ်ပြိုင်ပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဇနီး ဒေါ်စန်းစန်းရီ၊ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဇနီး ဒေါ်ဆွေဆွေဦး၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ဌာနဆိုင်ရာများ၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်းများမှ တိုင်းရင်းသား





ရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်အောက်ရှိ တပ်ရင်းတပ်ဖွဲ့များမှ မိသားစုများနှင့် နေပြည်တော် ပျဉ်းမနားခရိုင်အတွင်းရှိ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာများမှ မြန်မာ့ယဉ်ကျေးမှု **စာမျက်နှာ ၅ ကော်လံ ၁ သို့** ✳

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး (၁၄)ကြိမ်မြောက် အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်

ရန်ကုန် အောက်တိုဘာ ၂၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး (၁၄)ကြိမ်မြောက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းရှိ စည်ပင်သာယာရေးဦးစီးဌာန ရိပ်သာခန်းမဆောင်သစ်၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်၍ အလှူငွေများလက်ခံပြီး အမှာစကားပြောကြားသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ပုဒ္ဓမြတ်စွာ သာသနာ ရောင်ဝါပြိုးကွန့် အစွန့်ရှည်စွာ တည်စေသော် (၂)**
ဖိုးရေချမ်း၏(ဆောင်းပါး)
စာမျက်နှာ – ၈၉

**အလဇ္ဇီပုဂ္ဂိုလ်သည် ဝိနည်းတတ်သော်လည်း မကျင့်သောကြောင့် သာသနာတော် မတည်မြဲနိုင်ပါ။ လဇ္ဇီပုဂ္ဂိုလ်ပင်ဖြစ်သော်လည်း ဝိနည်းမတတ်သော် သာသနာတော် မတည်နိုင်ပါ။ အလဇ္ဇီရဟန်းတို့အား ပစ္စည်းထောက်ပံ့ ချီးမြှင့်ကုန်သော ဒါယကာတို့သည်လည်း အလဇ္ဇီပဂ္ဂဟ ဖြစ်ခဲ့လျှင် အပြစ်ကြီးပေသည်။ သာသနာဖျက်သူလည်းဖြစ်၏။ ဆရာဒကာနှစ်ဦး အကျိုးနည်းလေပြီဟု သီလဝိသောဓနီကျမ်း၌ဆိုကြောင်း မှတ်သားရပါသည်။**

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ
The Mirror

၂၄-၁၀-၂၀၀၇
(ဗုဒ္ဓဟူးနေ့)

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေး ဝိုင်းဝန်းကြိုးပမ်း အရည်အသွေးမီ ကုန်ပစ္စည်းများတိုးမြှင့်ထုတ်လုပ်

နိုင်ငံတော်က ရေမြေသဘာဝ သယံဇာတ အခြေအနေကောင်းများကို အပြည့်အဝအသုံးချပြီး စီးပွားရေးတိုးတက်ခိုင်မာလာစေရန် အဘက်ဘက်က ပံ့ပိုးဖြည့်ဆည်း ဖော်ဆောင်ပေးလျက်ရှိသည်။ နိုင်ငံခေတ်မီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စက်မှုကဏ္ဍ ဖွံ့ဖြိုးရေးအစီအမံများကို ချမှတ်ဖော်ဆောင်နေသည်။

စက်မှုနယ်မြေများနှင့် စက်မှုဇုန်များ တည်ထောင်ခြင်း၊ စက်ရုံ အလုပ်ရုံသစ်များ တိုးချဲ့ဖွင့်လှစ်ခြင်းတို့နှင့်အတူ သွင်းကုန် အစားထိုး ကုန်ထုတ်လုပ်ငန်းများ ဖြစ်ထွန်းနေပြီဖြစ်သည်။ စက်မှုဇုန်များတွင် အဆင့်မြင့်နည်းပညာများနှင့် ခေတ်မီသံရည်ကျို ပုံလောင်း၊ ပုံဖိ စက်ရုံများ ထူထောင်ထားရှိပြီးဖြစ်ရာ သံထည်ပစ္စည်းကိုင်တွယ်သည့် စက်မှုလုပ်ငန်းများ တိုးတက်လျက်ရှိသည်။

ယနေ့ကာလတွင် နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပပို့ကုန်တိုးမြှင့်ရေး၊ ပြည်ပသွင်းကုန်လျှော့ချပြီး သွင်းကုန်အစားထိုး လုပ်ငန်းများတိုးပွားရေး ကြိုးပမ်းလျက်ရှိရာ စက်ရုံ၊ အလုပ်ရုံအလိုက် ကုန်ထုတ်စွမ်းအား တိုးတက်မြင့်မားရေး ကြိုးပမ်းကြရမည်ဖြစ်သည်။

စက်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် အရေအတွက်သာမက ထုတ်ကုန်အရည်အသွေး တိုးတက်ကောင်းမွန်စေရေး အလေးထား ဆောင်ရွက်ကြရမည်ဖြစ်သည်။ ကုန်ထုတ်လုပ်ငန်းများ အောင်မြင်ရေးအတွက် သုံးစွဲသူများ စိတ်ကြိုက်ဖြစ်ရေး၊ အသုံးတည့် ထိရောက်သည့်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးကိုလည်း သုတေသနပြု လုပ်ကိုင်သွားကြရမည်ဖြစ်သည်။

ခေတ်မီစက်ပစ္စည်းထုတ်လုပ်သည့် စက်ရုံများ၊ သွင်းကုန်အစားထိုး စက်ရုံများကို တိုးချဲ့ထူထောင်လာနိုင်သည့်အတွက် ကုန်ထုတ်လုပ်မှု နည်းပညာသစ်များ တိုးတက်ရရှိလာသည့်အပြင် ဒေသခံပြည်သူများ အတွက် အလုပ်အကိုင် အခွင့်အလမ်းသစ်များလည်း ပေါ်ပေါက်လျက်ရှိသည်။

နိုင်ငံတော်ပိုင် စက်မှုလုပ်ငန်းများ၊ စက်မှုဇုန်လုပ်ငန်းများ အပါအဝင် စက်မှုကဏ္ဍတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တာဝန်ရှိသူ အသီးသီးတို့က ဝိုင်းဝန်းကြိုးပမ်းရင်း ဝယ်ယူသုံးစွဲသူအကြိုက် ကုန်ပစ္စည်းများ အရည်အသွေးမီ တိုးမြှင့်ထုတ်လုပ်လာနိုင်သည်နှင့်အမျှ ပြည်သူများ၏ လိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးသွားနိုင်မည် ဖြစ်ပါသည်။ ။




အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ ကျောက်မြောင်း ဓမ္မဝိဟာရလမ်းနေ နှစ်ဖက်သောမိဘများနှင့် သား မောင်ထွန်းထွန်းအောင်အားရည်စူး၍ ဦးတင်ရွှေ-ဒေါ်တင်လှမိသားစုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ပြည်တော်သာအရှင်စန္ဒန(ဓမ္မာစရိယ) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)




**ကွယ်လွန်သူ ဦးချာအော်တီး-ဒေါ်စောတင်ချမ်းတို့အား ရည်စူး၍ လမ်းမတော်မြို့နယ် လှည်းတန်းလမ်းနေ ဦးသန်းအောင်-ဒေါ်စန္ဒာလင်း မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင်နှင့် ခြောက်ထပ်ဆေးရုံသစ်ကြီးအတွက် အလှူငွေကျပ် သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင် လက်ခံယူစဉ်။** (က-ပ)

# တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်နှင့် ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့် မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပွဲ တက်ရောက်အားပေး

ရန်ကုန် အောက်တိုဘာ ၂၃

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် လူမှုရေးအသင်းအဖွဲ့တို့ ပူးပေါင်းစီစဉ်ဆောင်ရွက်သော ဧရာဝတီတိုင်း မအူပင်ခရိုင်၊ ပုသိမ်ခရိုင်နှင့် ဖျာပုံခရိုင်အတွင်းရှိ မြို့နယ်များနှင့်ကျေးရွာများမှ မျက်စိဝေဒနာရှင်များအား အခမဲ့ စမ်းသပ်ကုသပေးခြင်းနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၂ ရက် နံနက် ၉ နာရီတွင် မအူပင်မြို့ တိုးရွှေဝါခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်တို့ တက်ရောက် အမှာစကားပြောကြားကြသည်။**

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်က ယခုလို တိုင်းအတွင်း မျက်စိဝေဒနာရှင်လူနာများအား မျက်စိအလင်းအလှူဖြစ်မြောက်အောင် ကူညီပံ့ပိုးပေးသော တာဝန်ရှိသူများ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နေမှုများနှင့် မျက်စိအလင်းအလှူ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ကိုယ်စား ရန်ကုန် မျက်စိအထူးကုဆေးရုံကြီးပါမောက္ခဒေါက်တာတင်ဝင်းက နိုင်ငံတွင်း ကျေးလက်ဒေသများထိ ကွင်းဆင်းပြီး အခမဲ့ မျက်စိစမ်းသပ်၊ ခွဲစိတ်ကုသပေးမှု အစီအစဉ်များနှင့် ယခုခရိုင်များအတွင်းရှိ မြို့နယ်များ၊ ကျေးရွာများမှ ပြည်သူများ၏ မျက်စိခွဲစိတ်ကုသပေးမှု အခြေအနေများအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အလှူငွေများ ပေးအပ်လှူဒါန်းရာ ဗဟို အလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်နှင့် ဇနီး ဒေါ်ကျင်ခိုင်တို့က လှူဒါန်းငွေကျပ် ငါးသိန်းအား ပေးအပ်လှူဒါန်းရာတိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် မက်စ်မြန်မာ ကုမ္ပဏီနှင့် AsiaWorld ကုမ္ပဏီလီမိတက်တို့မှ လှူဒါန်းငွေကျပ် ၂၅ သိန်းစီ၊ ACE ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်၊ အေဝမ်းဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်၊ မိုးကြယ်စင် ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်၊TZTM ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၊ ဧဒင် Group ကုမ္ပဏီလီမိတက်တို့မှ လှူဒါန်းငွေကျပ် သိန်း ၂၀ စီ၊ သိဏ်းဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်နှင့် Golden Flower ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်တို့မှ ငွေကျပ် ၁၅ သိန်းစီတို့အား ကုမ္ပဏီများ ကိုယ်စား အုပ်ချုပ်မှု ဒါရိုက်တာနှင့် ဒါရိုက်တာများက အသီးသီး ပေးအပ်လှူဒါန်းရာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်ပြီး အလှူရှင် ဦးတုပ်ပေါ၊ဦးတင်အေး(ပန်းတနော်)က လှူဒါန်းငွေကျပ်တစ်သိန်းနှင့် ဒေါ်တင်မြင့်(အငြိမ်းစားဆရာမ)က လှူဒါန်းငွေကျပ်နှစ်သိန်းတို့အား ပေးအပ်လှူဒါန်းရာဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် မအူပင်ခရိုင်အတွင်းရှိ ဒေသခံစေတနာရှင် သီဟသုဓမ္မသိင်္ဂီ ဒေါ်ညွန့်ညွန့်ဝင်းက လှူဒါန်းငွေကျပ် ၁၀သိန်း၊ ငါးလုပ်ငန်းရှင်အသင်း ဦးညီညီလွင်က ငွေကျပ်ငါးသိန်း တန်ဖိုးရှိ ငါးပိသဿာချိန် ၂၅၀၊ မအူပင်ခရိုင် ဆန်စက်အသင်းဥက္ကဋ္ဌ ဦးမြင့်ဦး-ဒေါ်ဝေဝေမိသားစုက လှူဒါန်းငွေကျပ် သိန်း ၂၀၊ မအူပင်ခရိုင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကုမ္ပဏီများ ကိုယ်စား ဖိုးလမင်းကုမ္ပဏီမှ ဦးငြိမ်းမြိုင်က ငွေကျပ် ၇၅ သိန်းနှင့် မအူပင်ခရိုင် အတွင်းရှိ စေတနာရှင်၊ အလှူရှင်များ၏ လှူဒါန်းငွေကျပ် ၂၅သိန်းအား ဦးအောင်သန်းက ပေးအပ်လှူဒါန်းရာ ခရိုင်ဥက္ကဋ္ဌ ဦးဌေးဝင်းကလက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က အလှူရှင် ၁၂ ဦး၏ လှူဒါန်းငွေ စုစုပေါင်း ငွေကျပ် ၁၈၈ သိန်းကို အလှူရှင်များ ကိုယ်စား ပေးအပ်လှူဒါန်းရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ခရိုင်အတွင်းမှ အလှူရှင်များ၏ လှူဒါန်းငွေစုစုပေါင်း ငွေကျပ် ၁၃၅ သိန်းအား အလှူရှင်များကိုယ်စား ခရိုင်ဥက္ကဋ္ဌ ဦးဌေးဝင်းက ပေးအပ်လှူဒါန်းရာ တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် မျက်စိစမ်းသပ်ခွဲစိတ်ကုသပေးသောအဖွဲ့ကိုယ်စား မျက်စိအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာတင်ဝင်းအား တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်က ဂုဏ်ပြုသစ်သီးခြင်းနှင့် ဂုဏ်ပြုလက်ဆောင်အား ပေးအပ်သည်။

ဆက်လက်၍ ဗဟိုအလုပ် အမှုဆောင် ဗိုလ်မှူးကြီး သိန်းညွန့်က မျက်စိစမ်းသပ်ကုသပေးသော မျက်စိ အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာကိုကိုသန်းအား ဂုဏ်ပြုသစ်သီးခြင်းနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် မျက်စိဝေဒနာရှင်များအား အခမဲ့ မျက်စိစမ်းသပ် ခွဲစိတ်ကုသပေးခြင်းအား စီစဉ်ဆောင်ရွက်ပေးခဲ့ခြင်းအတွက် ပြည်သူများကိုယ်စား ဒေသခံမြို့မိမြို့ဖ ဦးစန်းနိုင်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် တိုင်းမှူး၊ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး၊ တိုင်း မိခင်နှင့်ကလေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီးနှင့် တာဝန်ရှိသူများသည် ခန်းမအတွင်း မျက်စိဝေဒနာရှင်လူနာများအား ပါဝါမျက်မှန်၊ နေကာမျက်မှန်များအား တပ်ဆင်ပေးပြီး မျက်စိစမ်းသပ်ခန်း၊ ခတ်ခွဲခန်းများအတွင်း လူနာများ စမ်းသပ်ကြည့်ရှုနေမှုကို လှည့်လည်ကြည့်ရှုပြီး ဆေးဝါးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းသည်။

အောက်တိုဘာ ၁၉ ရက်မှ ၂၁ ရက်နေ့အတွင်း မျက်စိဝေဒနာရှင်ပေါင်း ၅၅၀၀၊ သံဃာတော်အပါး ၄၀၊ သီလရှင် ၂၉ ပါးအပါအဝင်တို့အား စမ်းသပ်စစ်ဆေးပြီး အတွင်းတိမ် ခွဲစိတ်သူလူနာပေါင်း ၈၅၀၊ မျက်မှန်ပါဝါလိုအပ်သူ ၂၅၂၀ တို့အား ကုသဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် မအူပင်ခရိုင် အထူးကုဆေးရုံကြီးတွင် မျက်စိခွဲစိတ်ကုသပြီးသော လူနာများအား မျက်မှန်များ တပ်ဆင်ပေးစဉ်။** (နယ်စပ်/စည်ပင်)



**ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေးနေ့အဖြစ် အောက်တိုဘာ ၁၃ ရက်က ကမာရွတ်မြို့နယ် အထက(၄)မှ ကျောင်းသား၊ ကျောင်းသူများ အသင်းလိုက် ယှဉ်ပြိုင်မှုဖြင့် သန့်ရှင်းရေးဆောင်ရွက်နေသည်ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ပြုံးနှင့် ဆရာမများ ကြီးကြပ်အမှတ်ပေးကြစဉ်။** (ပညာရေး)

❖ **ရှေ့ဖုံးမှ**

အခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြရာတွင် စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ကျေးလက်ဒေသ များ ဖွံ့ဖြိုးတိုးတက်စေရန် ကျေးလက်ရေပေးရေးလုပ်ငန်းအတွက် အဖွဲ့ရန်ပုံငွေမှ-၂၀၀၀-၂၀၀၁ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၂၅၀ဒသမ ၁၃သန်း၊ ၂၀၀၁-၂၀၀၂ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၃၂၁ ဒသမ ၆၁သန်း၊ ၂၀၀၂-၂၀၀၃ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၅၇၂ဒသမ၀၂သန်း၊ ၂၀၀၃-၂၀၀၄ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၆၅၃ဒသမ၄၄ သန်း၊ ၂၀၀၄-၂၀၀၅ဘဏ္ဍာ ရေးနှစ်တွင် ငွေကျပ် ၁၀၈၃ဒသမ ၀၈ သန်း၊ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၁၁၅၃ဒသမ ၃၂သန်း၊ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၁၁၂၄ဒသမ၂၁ သန်း သုံးစွဲခဲ့ပြီး ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၁၅၇၈ဒသမ ၅၀သန်း သုံးစွဲရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း။

ရေခက်ခဲသောအပူပိုင်းဒေသ တိုင်းသုံးတိုင်းရှိ ကျေးရွာ ၈၀၄၂ရွာအနက် စီမံကိန်းကာလစတင်သော ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ် စက်တင်ဘာလကုန်အထိ ကျေးရွာ ၇၉၄၅ရွာအား သန့်ရှင်းသော သောက်သုံးရေရရှိရေးဆောင်ရွက်နိုင်ခဲ့သဖြင့် (၉၉)ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ကြောင်း၊ အခြားပြည်နယ်နှင့်တိုင်း (၁၄)ခုရှိ ကျေးရွာ ၁၅၁၈၃ရွာအနက် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် စက်တင်ဘာလကုန်အထိ ကျေးရွာ ၉၇၇၈ရွာအား သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ၆၄ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း။

ထို့ကြောင့် ပြည်နယ်နှင့်တိုင်းအားလုံးရှိ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ရန် စုစုပေါင်းကျေးရွာ ၂၃၂၂၅ရွာအနက် ကျေးရွာပေါင်း ၁၇၇၂၃ရွာကို သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်၍ ၇၆ဒသမ၃၁ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း။

ယခုကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် နိုင်ငံတော်က ထောက်ပံ့ငွေကျပ် ၂၁၀၃ဒသမ၀၀သန်း၊ စည်ပင်သာယာရေး အဖွဲ့များ၏ ရန်ပုံငွေမှကျပ် ၆၇၃၆ဒသမ ၃၁သန်း၊ ပြည်တွင်း/ပြည်ပ အလှူရှင်များ၏ လှူဒါန်းငွေကျပ် ၁၅၅၁ ဒသမ ၇၉သန်း၊ US$ ၇၆၇၅၂၊ EURO ၇၇၀၊ FEC ၁၀၀၁၂၊ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှု US$ ၅ဒသမ ၆၀သန်း၊ ဂျပန်ယန်း ၇၃၄ဒသမ၀၈သန်း၊ စုစုပေါင်း ရန်ပုံငွေ ကျပ် ၁၀၃၉၁ဒသမ၁၀ သန်း၊ US$ ၅ဒသမ၆၇ သန်း၊ EURO ၇၇၀၊ FEC ၁၀၀၁၂၊ ဂျပန်ယန်း ၇၃၄ဒသမ၀၈သန်းကို သုံးစွဲခဲ့သဖြင့် ရေရရှိရေးလုပ်ငန်းမှာ အရှိန်အဟုန်ပိုမိုမြင့်မားလာခြင်းဖြစ်ကြောင်း။

စေတနာရှင်ပြည်သူများ၏ လှူဒါန်းငွေများကို တင်ပြရမည်ဆိုလျှင် ပထမအကြိမ်မှ တေရသမအကြိမ်အထိ စုစုပေါင်း အလှူရှင် ၁၉၂၁ဦးက ငွေကျပ် ၁၅၅၁၇ဒသမ ၉၂သိန်း၊ US$ ၇၆၇၅၂၊ EURO၇၇၀နှင့်FEC ၁၀၀၁၂တို့ လှူဒါန်းရရှိခဲ့ကြောင်း။

ဖော်ပြပါပထမအကြိမ်မှ တေရသမအကြိမ်အထိ လှူဒါန်းငွေများဖြင့် အပူပိုင်းဒေသ တိုင်းသုံးတိုင်းတွင် စက်ရေတွင်းပေါင်း ၁၇၉၂တွင်းနှင့် အခြားပြည်နယ်နှင့် တိုင်းများတွင် စက်ရေတွင်းပေါင်း ၄၈၉တွင်း စုစုပေါင်းတွင်းပေါင်း ၂၂၈၁ တွင်း တူးဖော်ပေးခဲ့ကြောင်း။

ယခု(၁၄)ကြိမ်မြောက် အလှူငွေပေးအပ်ပွဲတွင် အလှူရှင် ၁၀၇ဦးက ငွေကျပ် ၁၀၅၄ဒသမ၄သိန်းကို ပေးအပ်လှူဒါန်းခဲ့ကြောင်း။

ထို့အပြင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့နှင့် အခြားလူမှုရေးအသင်းအဖွဲ့များမှလည်း ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေး လုပ်ငန်းများကို အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ပေးလျက် ရှိကြောင်း။

ပြည်တွင်းသာမက နိုင်ငံတကာ အဖွဲ့အစည်းများမှ လည်း ပူးပေါင်းဆောင်ရွက်မှုများရှိရာ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ Japan International Cooperation Agency (JICA) က ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် စက်ရေတွင်းပေါင်း ၂၅၀ အား ငါးနှစ်စီမံကိန်းဖြင့် တူးဖော်ဆောင်ရွက်မည်ဖြစ်ပြီး ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် စက်တင်ဘာလကုန်ထိ စက်ရေတွင်းပေါင်း ၂၁၇တွင်း တူးဖော်ပြီးစီးပြီးဖြစ်ကြောင်း။

ထို့ပြင် အပူပိုင်းဒေသ သောက်သုံးရေရရှိရေး အတွက်လည်း မြို့နယ် ၁၁ မြို့နယ်တွင် တွင်းနက် ၂၂တွင်း တူးဖော်ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ အာရှ-ဂျပန် ပေါင်းကူး




**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေထံ ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေး အတွက် အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

အဖွဲ့ Bridge Asia Japan (BAJ) မှ ပုဂံညောင်ဦးနှင့် ကျောက်ပန်းတောင်းမြို့နယ်အတွင်း ၂၀၀၁-၂၀၀၂မှ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် စက်တင်ဘာလကုန်ထိ စက်ရေတွင်း တွင်းနက်ပေါင်း ၉၃တွင်းအား တူးဖော်ပေးခဲ့ကြောင်း၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) မှလည်း အပူပိုင်းဒေသ ကျေးလက်ရေရရှိရေးလုပ်ငန်းများကို ပူးပေါင်း ဆောင်ရွက်ခဲ့ရာ ၂၀၀၁-၂၀၀၂ မှ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေး နှစ် စက်တင်ဘာလကုန်ထိ အပူပိုင်းဒေသ တိုင်းသုံးတိုင်း အတွင်း ရေရရှိရေးလုပ်ငန်းပေါင်း ၅၃၂ခုအား ဆောင်ရွက် ပေးခဲ့ကြောင်း၊ တိုင်းသုံးတိုင်းအတွင်း တူးဖော်ပြီးသော စက်ရေတွင်းများမှာ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် စက်တင်ဘာလကုန်အထိ ကျေးရွာပေါင်း ၇၉၄၅ရွာတွင် တွင်းတိမ်တွင်းနက် စုစုပေါင်း ၉၉၁၃တွင်း တူးဖော်ပြီးစီးပြီး ဖြစ်သည့်အတွက် ဆက်လက်တူးဖော်ရန် ပေ ၄၀၀အထက် တွင်းနက်များသာ အများဆုံး ဆောင်ရွက်ပေးရန် ကျန်ရှိကြောင်း၊ သို့ဖြစ်ရာ အချို့အလှူရှင်များအနေဖြင့် တွင်းနက်များ တူးဖော်နိုင်ရေး အတွက် တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ ဖြစ်စေ လှူဒါန်းပေးနိုင်ပါရန်လည်း အထူး မေတ္တာရပ်ခံအပ်ပါ ကြောင်း၊ ကျေးလက်ရေရရှိရေးလုပ်ငန်းများကို အရှိန်အဟုန် ဖြင့် ဆောင်ရွက်လျက်ရှိရာ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်ကုန် အထိ စစ်ကိုင်းတိုင်း၌ ၂၁ မြို့နယ်၊ မကွေးတိုင်း၌ ၁၅ မြို့နယ်၊ မန္တလေးတိုင်း၌ ၁၉မြို့နယ်၊ စုစုပေါင်း (၅၅)မြို့နယ် တွင် မြို့နယ်လုံးကျွတ် ကျေးရွာများအားလုံး သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်နိုင်ခဲ့သကဲ့သို့ စစ်ကိုင်း တိုင်းတွင် စစ်ကိုင်းခရိုင်နှင့် တမူးခရိုင်၊ မကွေးတိုင်းတွင် ပခုက္ကူခရိုင်၊ မန္တလေးတိုင်းတွင် မန္တလေးခရိုင်၊ ကျောက်ဆည် ခရိုင်၊ မိတ္ထီလာခရိုင်နှင့် ပြင်ဦးလွင်ခရိုင်တို့ကိုလည်း ခရိုင် လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း။

အဆိုပါ မြို့နယ်များမှ ကျေးရွာတိုင်း တစ်ရွာလျှင် စက်ရေတွင်း တစ်တွင်းနှုန်းဖြင့် သန့်ရှင်းသော သောက်သုံးရေ ရရှိပြီးဖြစ်သော်လည်း နေ့စဉ်တိုးတက်လာသော လူဦးရေနှင့် ညီသော သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာ ရရှိရေး အတွက် စက်ရေတွင်းများ ဆက်လက်တူးပေးသွားဦးမည် ဖြစ်ကြောင်း။

နှစ်လက်မ ပေ ၂၀၀ စက်ရေတွင်း တစ်တွင်းလျှင် ၂ဒသမ၅သိန်း နှစ်လက်မ ပေ ၄၀၀ နှင့် လေးလက်မ ပေ ၂၀၀ စက်ရေတွင်း တစ်တွင်းလျှင် ငါးသိန်းနှုန်း လှူဒါန်းငွေ များဖြင့် စက်ရေတွင်းများ တူးဖော်ရာတွင် မြို့နယ်စည်ပင် သာယာရေးအဖွဲ့ ရန်ပုံငွေမှ စက်ရေတွင်းတစ်တွင်းလျှင် အနည်းဆုံး ကျပ်ငါးသိန်းမှ ၁၀သိန်း ခန့်အထိ ထပ်မံ စိုက်ထုတ်သုံးစွဲ၍ အလှူရှင်များ၏ စေတနာ ဒါနမြောက် စေရန် ဆောင်ရွက်ပေးခဲ့ကြောင်း။

ယခုအခါ အချို့ကျေးရွာများတွင် ခြံစည်းရိုးကြက်ဆူပင် များကို ကျေးရွာခြံစည်းရိုးများ၌ စိုက်ပျိုးကြပြီး ကျေးလက် သောက်သုံးရေရရှိရေးလုပ်ငန်းကိုလည်း စမ်းသပ်ဆောင်ရွက် လျက်ရှိရာ အောင်မြင်နေပြီ ဖြစ်ကြောင်း။

ထို့ပြင် စည်ပင်သာယာရေးဦးစီးဌာနမှလည်း စက်မှု အင်ဂျင်နီယာများ ခန့်အပ်ပြီး အင်ဂျင်စက်၊ လေမှုတ်စက်များ နှင့် စက်ရေတွင်းများ ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အလှူရှင်များ၏စေတနာကြောင့် ရေရရှိပြီးဖြစ်သော ကျေးရွာလူထုအများစုတို့မှာ နေ့စဉ်နှင့်အမျှ ရေရရှိရေး အတွက် စဉ်းစားရန်းကန်နေရသည့် လူမှုရေးဒုက္ခများမှ ကင်းဝေးသွားပြီဖြစ်ကြောင်း၊ ထို့အတူ အလှူရှင်များအနေ ဖြင့် ဝမ်းသာပီတိဖြစ်ပြီး ရေအကျိုး(၁၀)ပါးကို ဘဝဆက် တိုင်း မတောင်းဘဲရရှိနိုင်ပါစေဟုလည်း ဆုတောင်းမေတ္တာ ပို့သအပ်ပါကြောင်း။

အလှူရှင်များ၏ စေတနာကို တုံ့ပြန်သည့်အနေဖြင့် စည်ပင်သာယာရေးအဖွဲ့ အဆင့်ဆင့်ရှိ ဝန်ထမ်းများက ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး အတွက် နေ့ရောညပါ ကြိုးပမ်းဆောင်ရွက်လျက် ရှိသကဲ့သို့ လှူဒါန်းခဲ့သောစက်ရေတွင်းများ ရာသက်ပန် အသုံးပြုနိုင်ရေး အတွက် ပြုပြင်ထိန်းသိမ်း မွမ်းမံခြင်းများကိုလည်း ကျေးလက် ဒေသရှိ ပြည်သူများနှင့် ပူးပေါင်း၍ စေတနာမေတ္တာ အပြည့်အဝဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ကျင်းပရာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ် ၁၅သိန်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့က ငွေကျပ် ၁၀သိန်း၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်နှင့် အကျိုးတူလုပ်ငန်းများက ငွေကျပ် ၄၁၀၅၀၀၀၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ငွေကျပ် ၁၀သိန်းနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ငွေကျပ် ငါးသိန်း တို့ကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်း လွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး မိသားစုက ငွေကျပ် ၁၂သိန်း၊ ကွယ်လွန်သူ ဒေါ်အေးမိမင်းအား ရည်စူး၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်မင်း (အငြိမ်းစား) နှင့် မိသားစုနှင့် တပ်မတော်(ရေ) အရာရှိ၊ အရာခံ၊အကြပ်၊စစ်သည် မိသားစု များက ငွေကျပ် ငါးသိန်းစီ၊ ဗိုလ်မှူးချုပ် မောင်မြင့်-ဒေါ်ကြူကြူစိန် မိသားစုက ငွေကျပ် ၂၅၀၀၀၀၊ စည်ပင်သာ ယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်နှင့် သားသမီး မြေးတစ်စုက ငွေကျပ် ၁၅သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်လှဌေးဝင်း က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ် သည်။

ထို့နောက် သီရိပုံချီ ဦးမြင့်ဆွေနှင့် ဒေါ်အုန်းသားသမီး မြေးတစ်စုက ငွေကျပ် သိန်း ၁၆၀၊ ဦးစိုးဝင်းနှင့် ဇနီးနှင့်သမီး ဒေါ်အေးအေးမွန် မိသားစုက ငွေကျပ်သိန်း ၂၀၊ ဦးမျိုးအောင်-ဒေါ်ရွှေဇင်နှင့် မိသားစုနှင့် နှစ်ဖက်သော ဘိုးဘွားများနှင့် ဖခင်ဦးအေးမော်-မိခင်ဒေါ်တင့်ယုံ တို့အား ရည်စူး၍ သား-ဦးအေးကျော်-ဒေါ်ရီရီမြင့်နှင့်သမီး ဒေါ်အေးအေးမြင့် (အငြိမ်းစားဒုညွှန်မှူး၊ နိုင်ငံခြားရေး) မိသားစုတို့က ငွေကျပ် ၁၈သိန်းစီ၊ Mr. Jukichi ono (Myanmar Polestar Travels & Tour, Heroshima, Japan)က ငွေကျပ် ၁၇ သိန်းနှင့် အရဏ်ဦး ဆောက်လုပ်ရေး ကုမ္ပဏီတို့က ငွေကျပ် ၁၀သိန်း တို့ကို ပေးအပ်လှူဒါန်းကြရာ နယ်စပ်ဒေသ နှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင် သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်သည်။

ဆက်လက်၍ သမီးလေးကေခိုင်ကျော်၏ (၂၂)နှစ်ပြည့် မွေးနေ့မင်္ဂလာအတွက် ဦးသန်းစိုး-ဒေါ်သီတာ မိသားစုနှင့် နှစ်ဖက်ဘိုးဘွားမိဘများအားရည်စူး၍ ဦးကျော်ခင်၏ နှစ်(၈၀)ပြည့် မွေးနေ့မင်္ဂလာအတွက် ဦးကျော်ခင်-ဒေါ်သန်းဌေး မိသားစုတို့က ငွေကျပ်ကိုးသိန်းစီ၊ အထက(၂) အင်းစိန်မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေသန်းနှင့် ဆရာ၊ ဆရာမ များ၊ ကျောင်းသား၊ ကျောင်းသူများက ငွေကျပ် ၆၅၀၀၀၀၊ နှစ်ဖက်မိဘများအား အမှူးထား၍ ဦးမြင့်ဆွေ-ဒေါ်သန်းလှ မိသားစု၊ နှစ်ဖက်မိဘများအားအမှူးထား၍ ဒေါက်တာ ဇော်မင်းအောင်-မမြပွင့်ဖြူမိသားစု၊ ဦးသိန်းဟံ-ဒေါ်ခင်ခင် မိသားစုနှင့် ဒေါ်ကြင်ကြည်အားရည်စူး၍ ခင်ပွန်း ဦးမြင့်ကြည် နှင့် မိသားစုတို့က ငွေကျပ်ငါးသိန်းစီတို့ကို ပေးအပ်လှူဒါန်း ကြရာ ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ဝင်းရှိန်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်သည်။

ယင်းနောက် ကွယ်လွန်သူ ဗိုလ်ကြီးဒေါ်သင်းယဉ်ယဉ် (ဆေးကုသမှုပါရဂူ)အား ရည်စူး၍ ဒေါ်တင်အုန်းမိသားစု၊ ဦးအောင်အောင်သက်ဦး-ဒေါ်ကေခိုင်ညွန့် မိသားစု၊ ဦးချစ်မောင်-ဒေါ်စောကြည်မိသားစု၊ (ဦးတင်စိန်)-ဒေါ်လှလှ မိသားစု(အောင်မြန်မာပွဲရုံ)၊ ဖခင် ဦးလှဖေအားရည်စူး၍ သား ပါမောက္ခဦးစောဝင်းမိသားစု၊ (ဦးတိုင်-ဒေါ်အေး) တို့အားရည်စူး၍ ဦးအုန်းမောင်၊ သား ဦးအောင်ကြည်-ဒေါ်ခင်မမှု မိသားစုနှင့် ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စနှင့် ဘဒ္ဒန္တဓမ္မပီယတို့အား အမှူးထား၍ စေတနာရှင်များက ငွေကျပ်ငါးသိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ဇင်ယော်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ် သည်။

ဆက်လက်၍ ဒေါ်ခင်ညွန့်အားရည်စူး၍ ဦးတင်မောင် (သိပ္ပံမှူးတင်)မိသားစု၊ အဖ ဦးအရင်-အမိဒေါ်နွမ်းနှင့် အစ်မကြီး ဒေါ်မြမြစိန်တို့အား ရည်စူး၍ သားသမီးမြေး၊ မြစ်တစ်စု၊ မအိအိဖြိုး၊ မခင်မျိုးအေးနှင့်၊ မယဉ်နွယ်သိန်း၊ ဦးထွန်းဖေ-ဒေါ် အမာစိန်တို့အားရည်စူး၍ ဒေါ်ကျင်သိန်း မိသားစု(သမားအိုဆေးတိုက်)၊ ဦးစိန်သိန်း-ဒေါ်အုန်းကြည်၊ ဦးခွန်ဝင်းအောင်နှင့် ဦးဝင်းအောင်နှင့် ဦးလှစိန်-ဒေါ်အမာ လေး မိသားစုတို့က ငွေကျပ် ငါးသိန်းစီတို့ကို ပေးအပ်လှူဒါန်း ကြရာ အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ် မောင်မောင်အေးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် (ဦးသိန်းထွန်း)-ဒေါ်သိန်းသိန်း သားသမီး တစ်စုနှင့် ပန်းချီဆရာကြီး အလင်္ကာကျော်စွာ ဦးစောမောင်-ဒေါ်တင်ဦးနှင့် ဦးဘဟိုး-ဒေါ်မေဆင်တို့အားရည်စူး၍ ဦးခင်မောင်ကြည်-ဒေါ်သန်းသန်းမိုးတို့က ငွေကျပ် သုံးသိန်းစီ၊ ဦးတင်လှအောင်(အငြိမ်းစား၊လ/ထ၊ညွှန်မှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန)အားရည်စူး၍ ဇနီးဒေါ်တင်လှရီနှင့်မိသားစု၊ မလှလှဌေး၊ အုတ်ဖိုမြို့ ဗိုလ်ကြီးသိန်းဟန်၊ ဒေါ်ထားရီ၊ ဦးအေးမောင်ဗိုလ်(ရေသီတာဇ)တို့အားရည်စူး၍ ကျန်ရစ်သူ မိသားစုများနှင့် ဦးစောလှိုင်၊ ဒေါ်ပန်းမြိုင်တို့အားရည်စူး၍ ဒေါ်ခင်ခင်ဝင်း၊ ဒေါ်ကြည်ကြည်မြင့်နှင့် ဒေါ်လှလှဝင်းတို့က ငွေကျပ် ၂၅၀၀၀၀စီတို့ကို ပေးအပ်လှူဒါန်းကြရာ အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ် သည်။

ဆက်လက်၍ ဦးညီလွင်-ဒေါ်တင်တင်ဝင်းနှင့် (ဦးလှမောင်-ဒေါ်စိန်စိန်သန့်)တို့အား ဦးထိပ်ထား၍ ဦးကျော်မင်းထင်-ဒေါက်တာ ခင်သီဂီလှမောင်မိသားစု၊ ဦးရန်နိုင်ဝင်းအုန်း-ဒေါ်ရင်မော်သိန်းမိသားစု၊ ဦးဝေမင်း-ဒေါ်ဖြူဖြူတင်၊ သား-သန့်ဘုန်းခေါင်၊ မောင်သန့်ထက်သာ မိသားစု၊ ဒေါ်ခင်နီလာဝင်းမိသားစု၊ ဦးဉာဏ်လင်းမိသားစု၊ ဦးလှမောင် အားရည်စူး၍ ဒေါ်စိန်စိန် မိသားစု၊ နှစ်ဖက်မိဘများ အားအမှူးထား၍ ဦးသိန်းဆိုင်၊ ဒေါ်စန္ဒာခင်မိသားစုတို့က ငွေကျပ် ၂၅၀၀၀၀စီတို့ကိုပေးအပ်လှူဒါန်းကြရာ စည်ပင် သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်သည်။

ယင်းနောက် အလှူရှင်များကိုယ်စား အင်းစိန်မြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ အငြိမ်းစား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေသန်းက ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး အတွက် လှူဒါန်းရခြင်း နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ် ကြီးမြင့်ဆွေက ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေ ရရှိရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမှာစကားပြောကြား ရာတွင် မြန်မာနိုင်ငံရှိ လူဦးရေ၏ ၇၀ရာခိုင်နှုန်းခန့်နေထိုင် သော အများစုဖြစ်သည့်ကျေးလက်ဒေသနေ ပြည်သူများ၏ ဖွံ့ဖြိုး တိုးတက်ရေးကို ဆောင်ရွက်နေရာတွင် ကျေးလက်ဒေသ လမ်းပန်းဆက် သွယ်မှုချောမွေ့ကောင်းမွန်ရေးနှင့် ကျေးလက် ဒေသသန့်ရှင်းသောသောက်သုံးရေရရှိရေးတာဝန်ကို စည်ပင် သာယာရေးအဖွဲ့များ၏အဓိကလုပ်ငန်းတာဝန်များအဖြစ် ထမ်းဆောင်ရန် တာဝန်ပေးအပ်ထားပြီးလည်းဖြစ်ကြောင်း။

အပူပိုင်းဒေသ မိုးနည်းရပ်ဝန်းဒေသများ၌ နွေအခါတွင် ရေရရှိရေးကို အဓိကရင်ဆိုင်ပြီး လူမှုဒုက္ခများ ကြုံတွေ့နေရ သဖြင့် ရေတစ်စည်ရေတစ်ထမ်းရရှိရေးအတွက် မနက် မိုးမလင်းမီကတည်းက ၄၊၅ မိုင်ခန့်သို့ သွားရောက်၍ ရေခပ်ယူရသဖြင့် နေ့တစ်ဝက်ခန့်အချိန်ကုန်ပြီး အခြား စားသောက်နေထိုင်ရေးအလုပ်များ မဆောင်ရွက်နိုင်ခဲ့သည့်ပြင် ရေရှားပါး၍ တကိုယ်ရေ သန့်ရှင်းမှုမဆောင်ရွက်နိုင်ခြင်း ကြောင့် ဝမ်းကိုက်ရောဂါ၊ ဝမ်းပျက် ဝမ်းလျှောရောဂါနှင့် မျက်ခမ်းစပ်ရောဂါများ ဖြစ်ပွားသည်ကို တွေ့ရှိရကြောင်း။

ထို့ကြောင့် စည်ပင်သာယာရေးဦးစီးဌာနက ကျေးလက် ဒေသသန့်ရှင်းသော သောက်သုံးရေရ ရှိရေး(၁၀)နှစ်စီမံကိန်း ကို ၂၀၀၀-၂၀၀၁ ခု၊ ဘဏ္ဍာရေးနှစ်မှစတင် အကောင် အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ➪**

(24-10)03.P65 1 1/2/32, 7:28 PM



သြစတြေးလျနိုင်ငံ ဒါဝင်မြို့၌ ကျင်းပမည့် နေရောင်ခြည်စွမ်းအင်သုံး ကားမောင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ဂျာမနီနိုင်ငံ ဘိုချမ် တက္ကသိုလ်မှ တီထွင်ထားသော ကားတစ်စီးကို အောက်တိုဘာ ၂၀ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

# တရုတ်–အာဆီယံကုန်သွယ်မှု လျင်မြန်စွာတိုးတက် ယခုနှစ်တွင် ဒေါ်လာဘီလီယံ ၁၉၀ အထိရှိနိုင်

**နန်နင်း အောက်တိုဘာ ၂၂**

တရုတ်နိုင်ငံနှင့် အရှေ့တောင် အာရှနိုင်ငံများအသင်း (အာဆီယံ)တို့၏ အပြန်အလှန် ကုန်သွယ်မှုမှာ လျင်မြန်စွာ တိုးတက်လျက်ရှိကြောင်း၊ ယခုနှစ်တွင် တရုတ်–အာဆီယံ ကုန်သွယ်မှု တန်ဖိုး အမေရိကန်ဒေါ်လာ ဘီလီယံ ၁၉၀အထိရောက်ရှိလာမည်ဟု မျှော်လင့်ရကြောင်း တာဝန်ရှိသူ တစ်ဦးက စနေနေ့တွင် ပြောကြားသည်။

တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများ၏ ကုန်သွယ်မှုသည် ၂၀၀၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀၀ အထိရှိလာမည်ဟု ခန့်မှန်းရကြောင်း တရုတ်–အာဆီယံကုန်စည်ပြပွဲအတွင်းရေးမှူးချုပ် ကျန်ကျောင်ကွင်က ပြောကြားသည်။

တရုတ်နှင့်အာဆီယံကုန်သွယ်မှုသည် လွန်ခဲ့သည့်နှစ်က အမေရိကန်ဒေါ်လာ ၁၆၀ ဒသမ ၈ ဘီလီယံ ရှိခဲ့ကြောင်း၊ ယခုနှစ် ပထမရှစ်လတာ ကာလတွင် အမေရိကန်ဒေါ်လာ ၁၂၇ ဒသမ ၉၅ ဘီလီယံရှိကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# ချက်နိုင်ငံတွင် ရေဒါစခန်းဖွင့်ရန် အမေရိကန်စီစဉ်မှု နိုင်ငံတကာကိုယ်စားလှယ်များနှင့် မြို့တော်ဝန်များ ကန့်ကွက်

**ပရာဟာ အောက်တိုဘာ ၂၂**

ချက်သမ္မတနိုင်ငံတွင် အမေရိကန်နိုင်ငံက ရေဒါစခန်းဖွင့်လှစ်ရန် စီစဉ်နေမှုကို ဆန့်ကျင်ကြောင်း ယင်းနိုင်ငံ၌ ကျင်းပသည့် နိုင်ငံတကာညီလာခံသို့ တက်ရောက်လျက်ရှိကြသော ကိုယ်စားလှယ်များနှင့် မြို့တော်ဝန်များက စနေနေ့တွင် ထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြသည်။

အမေရိကန်နိုင်ငံက ပိုလန်နိုင်ငံတွင် ဒုံးခွင်းဒုံးစနစ်ဖြန့်ကြက်ရန်နှင့် ချက်သမ္မတနိုင်ငံတွင် ရေဒါစခန်း ဖွင့်လှစ်ရန် စီစဉ်နေခြင်းကို မိမိတို့လက်ခံခြင်း မရှိကြောင်း နိုင်ငံတကာညီလာခံသို့ တက်ရောက်နေကြသော ဥရောပ ၁၆ နိုင်ငံမှ ကိုယ်စားလှယ် ၁၀၀ ကျော်၊ ချက်သမ္မတနိုင်ငံမှ မြို့တော်ဝန်များနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၈၆ ဦးတို့က ထုတ်ပြန်ကြေညာသည်။ ယင်းသို့ ကြေညာချက်ထုတ်ပြန်ခြင်းကို ကမ္ဘာ့နိုင်ငံများရှိ မြို့တော်ဝန်များကလည်း ထောက်ခံကြောင်း ဗီဒီယို သဝဏ်လွှာများ ပေးပို့ကြသည်။

**လှုံ့ဆော်**

ချက်သမ္မတနိုင်ငံတွင် ရေဒါစခန်းဖွင့်လှစ်ခြင်းသည် နိုင်ငံတကာ လက်နက်ပြိုင်ပွဲများကို ဖြစ်ပေါ်ရန် လှုံ့ဆော်ပေးရာရောက်ကြောင်း အဆိုပါ ကြေညာချက်တွင် ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# ဘာရိန်းရှိ ကန်ရေတပ်စခန်း၌ ပစ်ခတ်မှုဖြစ်ပွား အမျိုးသမီးတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး

**ပနားမား အောက်တိုဘာ ၂၃**

ဘာရိန်းရှိ အမေရိကန်ရေတပ်အခြေစိုက်စခန်းတွင် အောက်တိုဘာ ၂၂ရက်က ပစ်ခတ်မှုဖြစ်ပွားရာ အမျိုးသမီးတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးသွားပြီး အမျိုးသားတပ်ဖွဲ့ဝင်တစ်ဦးမှာ ပြင်းထန်စွာဒဏ်ရာရကြောင်း ရေတပ်သတင်းရပ်ကွက်က ဖော်ပြသည်။

နံနက် ၅နာရီခန့်တွင်ဖြစ်ပွားသော အဆိုပါဖြစ်ရပ်သည် အကြမ်းဖက်တိုက်ခိုက်မှုနှင့် တစ်စုံတစ်ရာ ပတ်သက်ခြင်းမရှိဟု အမေရိကန်ရေတပ်၏ ထုတ်ပြန်ချက်တွင် ပါရှိသည်။

ကနဦးလေ့လာမှုများအရ အဆိုပါဖြစ်ရပ်တွင် ပါဝင်ပတ်သက်သူများမှာ အမေရိကန်တပ်ဖွဲ့ဝင်များသာဖြစ်ကြောင်း၊ အကြောင်းမှာ ယင်းစခန်းအတွင်းသို့ ပြင်ပမှဝင်ရောက်ရန် မလွယ်ကူသောကြောင့်ဖြစ်ကြောင်း သိရသည်။ ထိခိုက်သေဆုံးသူများ၏အမည်စာရင်းကို ထုတ်ပြန်ကြေညာခြင်းမရှိပေ။

***အမ်အင်အေ၊ရိုက်တာ။***

# အီရတ်၌ ကန်တပ်ဖွဲ့၏လေကြောင်းမှတိုက်ခိုက်မှု ယခုနှစ်တွင် ၂၀၀၆ခုနှစ်ကထက် ငါးဆများပြား

**ဝါရှင်တန် အောက်တိုဘာ ၂၃**

အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များက လေကြောင်းမှတိုက်ခိုက်သည့် အကြိမ်ပေါင်းသည် ယခုနှစ်တွင် ၂၀၀၆ခုနှစ်ကထက် ငါးဆပိုမိုများပြားလာကြောင်း စာရင်းအင်းများက ဖော်ပြသည်။

အမေရိကန်တပ်ဖွဲ့ဝင်များသည် ၂၀၀၆ခုနှစ်က လေကြောင်းမှတိုက်ခိုက်မှု ၂၂၉ကြိမ် ပြုလုပ်ခဲ့သော်လည်း ၂၀၀၇ခုနှစ် ပထမကိုးလအတွင်း လေကြောင်းတိုက်ခိုက်မှု အကြိမ် ၁၁၄၀ ပြုလုပ်ခဲ့သည်ဟု အောက်တိုဘာ ၂၂ရက်ထုတ် ယူအက်စ်အေတုဒေးသတင်းစာက ဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန်နှင့် နေတိုးတပ်ဖွဲ့များ၏ လေကြောင်းတိုက်ခိုက်မှုသည်လည်း အလားတူ မြင့်တက်လာသည်။ ၂၀၀၆ခုနှစ်က လေကြောင်းတိုက်ခိုက်မှု အကြိမ် ၁၇၇၀ သာ ရှိခဲ့သော်လည်း ၂၀၀၇ ခုနှစ်၌မူ တိုက်ခိုက်မှု အကြိမ်ပေါင်း ၂၇၆၄ ကြိမ်အထိ ရှိလာသည်။

ထိုသို့ လေကြောင်းတိုက်ခိုက်မှုများ တိုးလာသည့်အတွက် အရပ်သားအသေအပျောက်အထိအခိုက် များပြားလာသည်။ သို့ဖြစ်၍ လူထု၏ဆန့်ကျင်မှုနှင့် သက်ဆိုင်ရာနိုင်ငံအစိုးရများ၏ ဆန့်ကျင်ကန့်ကွက်မှုများ တိုး၍ ကြုံလာရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ဘဂ္ဂဒက်တောင်ပိုင်း၌ ကန်တပ်ဖွဲ့ဝင်သေဆုံး

**ဘဂ္ဂဒက် အောက်တိုဘာ ၂၂**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တောင်ပိုင်းတွင် လမ်းဘေးဗုံးဖြင့် တိုက်ခိုက်ကာ လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိကြောင်း အမေရိကန်စစ်ဘက်က စနေနေ့တွင် ပြောကြားသည်။ အမေရိကန်စစ်ဘက်က စစ်သွေးကြွများအား ချေမှုန်းသည့် စစ်ဆင်ရေးလုပ်ငန်းဆောင်ရွက်နေစဉ် ယင်းဖြစ်ရပ်ပေါ်ပေါက်ခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

အီရတ်နိုင်ငံကို အမေရိကန်ဦးဆောင်သောတပ်ဖွဲ့ကကျူးကျော်မှု စတင်သည့် ၂၀၀၃ ခုနှစ်မှ ယနေ့အထိ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၃၈၃၀ ကျော်ပြီဖြစ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***



အင်ဒိုနီးရှားနိုင်ငံ ပန်ဒန်ဒေသရှိ ဘိလပ်မြေစက်ရုံကို အောက်တိုဘာ ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

## ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

# အမေရိကန်တွင် စစ်ဆန့်ကျင်ရေးဆန္ဒပြသူ ၆၀ ကို ရဲတပ်ဖွဲ့က ဖမ်းဆီး

**ဝါရှင်တန် အောက်တိုဘာ ၂၃**

အမေရိကန်နိုင်ငံ ဝါရှင်တန်ရှိ ကွန်ဂရက်အဆောက်အအုံရှေ့တွင် အီရတ်စစ်ပွဲ ဆန့်ကျင်ရေးနှင့် ကမ္ဘာကြီးပူနွေးလာမှုအခြေအနေကို မလိုလားကြောင်း ဆန္ဒပြနေသူ ၆၀ခန့်ကို ရဲတပ်ဖွဲ့က အောက်တိုဘာ ၂၂ရက်တွင် ဖမ်းဆီးလိုက်သည်။

အမေရိကန် ကွန်ဂရက်အနေဖြင့် ၎င်းတို့လုပ်ရမည့် အလုပ်တာဝန်ကို ကျေပွန်စွာမထမ်းဆောင်သဖြင့် ယခုကဲ့သို့ ပြည်သူများဆန္ဒပြကြရာမှ အဖမ်းခံရခြင်းဖြစ်သည်ဟု စစ်ဆန့်ကျင်ရေးဆန္ဒပြသမား အင်ရိုက်က ပြောကြားသည်။

တရားမဝင်လူအများစုရုံးခြင်းနှင့် အသွားအလာပိတ်ဆို့စေမှုတို့ဖြင့် ရဲတပ်ဖွဲ့က ဆန္ဒပြသမားများကိုဖမ်းဆီး အရေးယူခြင်းဖြစ်သည်။

**ဆန္ဒပြ**

ကမ္ဘာကြီးပူနွေးလာမှုကို အမေရိကန်အစိုးရက အရေးတယူဆောင်ရွက်ရန် ပျက်ကွက်သည်ကို မလိုလားကြောင်း ပြသသည့်အနေဖြင့် ဆန္ဒပြသူ အများအပြားသည် ပိုလာဝက်ဝံဖြူ ပုံစံဝတ်ဆင်ကာ ဆန္ဒပြကြသည်။

***အမ်အင်အေ၊ရိုက်တာ။***

တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်စုပြည်နယ် နန်တောင်းမြို့တွင် တင်ဆက်ကပြနေသော အော်ပရာကဇာတ်ကို အောက်တိုဘာ ၂၀ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)



# အင်္ဂလန်တွင် ယာဉ်တိုက်မှုဖြစ်ပွား သုံးဦးသေဆုံး

**လန်ဒန် အောက်တိုဘာ ၂၂**

အင်္ဂလန်မြောက်ပိုင်းရှိ အဝေးပြေးလမ်းမတွင် ယာဉ်အများအပြားတိုက်မှုဖြစ်ပွားရာ သုံးဦးသေဆုံးကြောင်း အောက်တိုဘာ ၂၀ ရက်တွင် ရဲတပ်ဖွဲ့က ပြောကြားသည်။ ကုန်တင်ယာဉ်တစ်စီးနှင့် အခြားကားခြောက်စီးသည် အောက်တိုဘာ ၁၉ ရက် ညပိုင်းက ယာဉ်တိုက်မှု ဖြစ်ပွားရာ ခြောက်ဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

✻ ရှေ့ဖုံးမှ

သုခုမအနုပညာကို လေးစားမြတ်နိုးကြသော ပြည်သူများ လာရောက်ကြည့်ရှုအားပေးကြသည်။

**"စည်းလုံးစို့လေ သွေးချင်းတို့ရဲ့ပြည်"** ပြဇာတ်ကို စစ်ကိုင်းတိုင်းအဖွဲ့က ယှဉ်ပြိုင်ကပြ ဖျော်ဖြေတင်ဆက်ရာတွင် ဇာတ်ညွှန်း ဦးဗိုလ်လူ(မုံရွာ)၊ ဒါရိုက်တာ ဦးအိုးဝေ၊ ဇာတ်အလင်္ကာ ဦးအောင်ကျော်လွင်၊ သရုပ်ဆောင်များအဖြစ် ဦးမြင့်နိုင်၊ ဦးဘဂျမ်း၊ ဒေါ်သွဲ့သွဲ့ဝင်း၊ ဒေါ်ဝေဝေသင်း၊ ချမ်းချမ်း၊ ဝင်းသူ၊ ဥက္ကာကျော်နှင့် ဇာတ်ပို့ဇာတ်ရံများ ပါဝင်သရုပ်ဆောင်ကြကာ ဆိုင်းနှင့်တေးဂီတ လူငယ်မြင့်သူနှင့်အဖွဲ့နှင့် တွဲဖက်လျက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း တစ်မြေတည်းနေ တစ်ရေတည်းသောက် တိုင်းရင်းသား၊ တိုင်းရင်းသူ ညီအစ်ကိုမောင်နှမများ၏ မျိုးချစ်စိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုစိတ်ဓာတ်၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတို့ကို အထိပါးမခံလိုသည့် စိတ်ဓာတ်များကို ဖော်ကျူးသရုပ်ဆောင်ထားသည့် ပြကွင်းပြကွက်တို့ဖြင့် ယှဉ်ပြိုင်ကပြ ဖျော်ဖြေ တင်ဆက်သည်။ (သတင်းစဉ်)

➪ စာမျက်နှာ ၃ မှ

ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်ထောက်ပံ့ငွေ၊ စည်ပင်သာယာရေးအဖွဲ့များ၏ ရန်ပုံငွေအပြင် စေတနာရှင်ပြည်သူများမှ လှူဒါန်းငွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ လူမှုရေးအသင်းအဖွဲ့များနှင့် နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများမှ ဝိုင်းဝန်းကူညီဆောင်ရွက်နေကြောင်း သိရှိရကြောင်း။

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်နေရာ အပူပိုင်းဒေသ တိုင်းသုံးတိုင်းဖြစ်သည့် စစ်ကိုင်းတိုင်းတွင် ၂၁မြို့နယ်၊ မကွေးတိုင်းတွင် ၁၅ မြို့နယ်၊ မန္တလေးတိုင်းတွင် ၁၉ မြို့နယ် စုစုပေါင်း ၅၅ မြို့နယ်တွင် မြို့နယ်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေရရှိရေးကို ဆောင်ရွက်ပေးနိုင်ခဲ့သကဲ့သို့ စစ်ကိုင်းတိုင်းတွင် စစ်ကိုင်းခရိုင်နှင့် တမူးခရိုင်၊ မကွေးတိုင်းတွင် ပခုက္ကူခရိုင်၊ မန္တလေးတိုင်းတွင် မန္တလေးခရိုင်၊ ကျောက်ဆည်ခရိုင်၊ မိတ္ထီလာခရိုင်နှင့် ပြင်ဦးလွင်ခရိုင်တို့ကို ခရိုင်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်နိုင်ခဲ့သောကြောင့် မြို့နယ်လုံးကျွတ်မှသည် ခရိုင်လုံးကျွတ်၊ ခရိုင်လုံးကျွတ်မှသည် တိုင်းလုံးကျွတ်အထိ အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် မြို့နယ်လုံးကျွတ် ရေရရှိပြီးသောကျေးရွာများအား ရေဖူလုံစွာ ရရှိရေးအတွက် တိုးမြှင့်ဆောင်ရွက်ကြရန်လည်း လိုအပ်ကြောင်း မှာကြားလိုကြောင်း။

အလှူရှင်များ၏ လှူဒါန်းငွေကို ကိန်းဂဏန်းများဖြင့် ဖော်ပြနိုင်သော်လည်း အလှူရှင်များ၏ စေတနာ၊ သဒ္ဓါအားမှာ မဖော်ပြနိုင်အောင် ကြီးမားနေသည်ဟု ယုံကြည်မိပါကြောင်းနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပြည်သူများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမှုကို နိုင်ငံတော်ကိုယ်စား ကျေးဇူးတင်ရှိပြီး မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အလှူငွေပေးအပ်ပွဲအခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသော ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစစ်ဆေးကြသည်။

ယနေ့ကျင်းပသည့် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး (၁၄)ကြိမ်မြောက် အလှူငွေပေးအပ်လှူဒါန်းပွဲတွင် အလှူရှင် ၁၀၇ ဦးတို့က အလှူငွေ စုစုပေါင်းငွေကျပ် ၁၀၅၄၄၀၀၀၀ ကို ပေးအပ်လှူဒါန်းကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၄-၁၀-၂၀၀၇ (ဗုဒ္ဓဟူးနေ့ )**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကရေ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၅။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈း၀၅ ၆။ အတီးပြိုင်ပွဲ
- ၈း၁၅ ၇။ ဗိုလ်မြတ်ထွန်းတံတား
- ၈း၃၀ ၈။ International News.
- ၈း၄၅ ၉။ Let's Go.
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၅ ၂။ ဆောင်းပါးရှင်မြန်မာနိုင်ငံဆိုင်ရာဂျပန်နိုင်ငံသံအမတ်ကြီး ၏ ပြည်ပနိုင်ငံများ၏ မြန်မာနိုင်ငံအပေါ် လွဲမှားသောတစ်ဖက်သတ်အမြင်များ
- ၄း၃၀ ၃။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ – တတိယနှစ် (သမိုင်းအထူးပြု) (သမိုင်း)
- ၅း၁၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၅း၁၅ ၆။ သီချင်းကြီးပဒေသာ
- ၅း၂၀ ၇။ ကမ္ဘာ့ကုလသမဂ္ဂနေ့တေးများ
- ၅း၂၅ ၈။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၅း၄၅ ၉။ ရသပေါ်လွင်သရုပ်ဆောင်လွှင်ပြင်
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၂။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၆း၅၀ ၁၃။ လွင်မိုးခရီးသွားနေသည်
- ၇း၂၀ ၁၄။ တေးဂီတအစီအစဉ်
- ၇း၃၅ ၁၅။ **"မပြောမပြီး မတီးမမြည်" (နေရဲလင်း၊မောင်မောင်မြင့်၊ ရှင်ဖုန်း၊အိမ့်ချယ်၊မိုးဇော်၊ ခိုင်ဆုသွယ်) (ဒါရိုက်တာ–မောင်မောင်မြင့်)**
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ ၂၀၀၇ခုနှစ်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ
- ၂၀။ Franz Hararay's Magic Planet
- ၂၁။ **မြန်မာ့ရုပ်ရှင် "လှိုဝှက်သောနှင်း" (လွင်မိုး၊လူမင်း၊ညွန့်ဝင်း၊ ထွန်းထွန်းဝင်း၊စိုးမြတ်နန္ဒာ၊ နီလာအောင်အောင်) (ဒါရိုက်တာ–စင်ရော်မောင်မောင်)**
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏။

## မြန်မာ့အလှ သဘာဝ

❍ ထံတျာတောရှင်၊ အစဉ်စံပြု
ရတုရကန်၊ အဲအန်အိုင်ချင်း
သီချင်းကြီးမှန်၊ သီချင်းခံနှင့်
သဖြန်ခွန်းထောက်၊ အံ့လောက်မှန်ကို ဆိုကြီးဆို။

❍ တစ်ထိုထူးခြား၊ ခေါင်းခါးခြေလက်
စည်းချက်ပိုင်နိုင်၊ ကကြိုးပြိုင်လျက်
အယိုင်အစ၊ အလှအလယ်
အနုဝယ်အဆုံး၊ ပြုံးပျော်ရွှင်ပြ ကကြီးက။

❍ အနုအရွ၊ အလှအယဉ်
အရှင်အသော၊ အပြောအဆို
အငိုအရယ်၊ တစ်သွယ်ဂုဏ်တင့်
အားမာန်ဝင့်လျက်၊ ရဲရင့်စွေးစွေး ရေးကြီးရေး။

❍ ကြေးကြိုးသားရေ၊ လေနှင့်လက်ခုပ်
ဖော်ထုတ်ပြားပြား၊ အခြားအခြားလျှင်
များပြားခပ်သိမ်း၊ မယိမ်းမယိုင်
ကျောက်စာတိုင်သို့၊ ခိုင်ခိုင်ဖြိုးဖြိုး တီးကြီးတီး။

❍ ဆိုကရေးတီး၊ ပြိုင်ပွဲကြီးကား
အံ့ချီးကျင်းပ၊ အောင်ပွဲရလျက်
မြန်မာ့အလှ၊ သဘာဝကို
တုပဖက်ပြိုင်၊ မနိုင်နိုင်တည်း တင်ကမ္ဗည်း။ ။

**ဒေါက်တာသန်းဦး**




**ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များ ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပသည့် (၃၄)ကြိမ်မြောက် ယူနက်စကို အထွေထွေညီလာခံသို့ တက်ရောက်စဉ်။** (သတင်းစဉ်)

# ပညာရေးဝန်ကြီး ဒေါက်တာချမ်းငြိမ်း ယူနက်စကိုညီလာခံ၌ မိန့်ခွန်းပြောကြား

**နေပြည်တော် အောက်တိုဘာ ၂၃**

ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပသည့် (၃၄)ကြိမ်မြောက် ယူနက်စကို အထွေထွေညီလာခံနှင့် ပညာရေးဝန်ကြီးများ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ ယူနက်စကို အမျိုးသား ကော်မရှင်ဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၁၆ရက်မှ ၁၈ရက်အထိ အထွေထွေ ညီလာခံသို့ တက်ရောက်ခဲ့ပြီး အောက်တိုဘာ ၁၇ ရက်တွင် ယူနက်စကို ညွှန်ကြားရေးမှူးချုပ် Mr. Koichiro Matsuura နှင့် လည်းကောင်း၊ အရှေ့တောင်အာရှ ပညာရေးဝန်ကြီးအဖွဲ့ အဖွဲ့ဝင် ပညာရေးဝန်ကြီးများနှင့် ယူနက်စကို ညွှန်ကြားရေးမှူးချုပ်တို့ ဆွေးနွေးပွဲသို့ လည်းကောင်း၊ အောက်တိုဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ကျင်းပသည့် ပညာရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ကြီးအဆင့် စားပွဲဝိုင်းဆွေးနွေးပွဲသို့ လည်းကောင်း ပါဝင်ဆွေးနွေးကာ အောက်တိုဘာ ၂၀ရက်တွင် မြန်မာနိုင်ငံ၏ ပညာရေး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ယူနက်စကို အထွေထွေညီလာခံ၌ မိန့်ခွန်းပြောကြားခဲ့သည်။

ဝန်ကြီး ဒေါက်တာ ချမ်းငြိမ်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၃၄)ကြိမ်မြောက် ယူနက်စကို အထွေထွေညီလာခံနှင့် ပညာရေးဝန်ကြီးများဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီးနောက် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ပညာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမျိုးညွန့်နှင့် ဗိုလ်မှူးချုပ် အောင်မျိုးမင်း၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ရုံးအဖွဲ့မှူးနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဝန်ကြီး ဒေါက်တာ ချမ်းငြိမ်းနှင့်အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါသွားသည့် မြန်မာနိုင်ငံ ယူနက်စကို အမျိုးသားကော်မရှင် အတွင်းရေးမှူးချုပ် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးမြင့်လည်း ပြန်လည်လိုက်ပါလာသည်။ (သတင်းစဉ်)

# နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီး တရားပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၃**

ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်ဓမ္မာရုံ၌ ၁၃၆၉ခုနှစ် သီတင်းကျွတ်လပြည့်နေ့၊ အောက်တိုဘာ ၂၆ရက်(သောကြာနေ့) ည၇နာရီတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် မကွေးတိုင်း ပွင့်ဖြူမြို့ ရွှေစေတီကျောင်းတိုက်ဆရာတော် (မဟာဂန္ထဝါစကပဏ္ဍိတ) ဘဒ္ဒန္တ ကုဏ္ဍလက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်တော်မူမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

# ရွှေတိဂုံစေတီတော် သီတင်းကျွတ်လပြည့် သောက်ရေသန့်ဘူးများ စတုဒိသာ လှူဒါန်းမည်

**ရန်ကုန် အောက်တိုဘာ ၂၃**

၁၃၆၉ ခုနှစ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) (၂၆-၁၀-၂၀၀၇) သောကြာနေ့တွင် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ သောကြာထောင့် မြောက်ဘက်မုခ် စောင်းတန်းအနီး ဝေနေယျသုခဓမ္မာရုံနှင့် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ စောင်းတန်းလေးသွယ်တို့အနီးမှနေ၍ ဝေနေယျသုခရေချမ်းစင်အသင်း (၁၀၂)နှစ်ပြည့် အထိမ်းအမှတ် သောက်ရေသန့်ဘူးပေါင်းသုံးသောင်း(ကျပ် ၂၅သိန်းဖိုး)ကို တစ်နေကုန် စတုဒိသာ ဒါနပြုလှူဒါန်းမည်။ ယခုအထိ သောက်ရေသန့်ဘူးပေါင်း ရှစ်သိန်းငါးသောင်း လှူဒါန်းပြီးခဲ့သည်ကို သာဓုခေါ်ဆိုပါရန်နှင့် ရာသက်ပန် ရေသန့်ရေပဒေသာပင် တစ်ပင်လျှင် အနည်းဆုံးကျပ် တစ်သောင်းနှုန်းဖြင့် လှူဒါန်းနိုင်ရန် ဖုန်း-၃၈၁၇၃၆ နှင့် ၃၈၃၅၁၁-လိုင်းခွဲ ၁၇၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

# ရန်ကုန် ဗုဒ္ဓတက္ကသိုလ်စာမေးပွဲများ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၃**

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် သာစုပရိယတ္တိ စာသင်တိုက်အတွင်းရှိ ရန်ကုန် ဗုဒ္ဓတက္ကသိုလ်၌ ၂၀၀၆-၂၀၀၇ ခု ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူအားလုံးအား အတန်းတင်စာမေးပွဲကို ကျင်းပပေးမည်ဖြစ်ရာ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ယနေ့မှစတင်၍ နေ့စဉ် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန် ဗုဒ္ဓတက္ကသိုလ်၌ လာရောက်ထုတ်ယူနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

### ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲ

| စဉ် | ရက်စွဲ | ယှဉ်ပြိုင်မည့်တိုင်း |
| --- | --- | --- |
| ၁။ | ၂၄-၁၀-၂၀၀၇ | ရန်ကုန်တိုင်း တော်ဝင်ရုပ်စုံအဖွဲ့ |
| ၂။ | ၂၇-၁၀-၂၀၀၇ | စစ်ကိုင်းတိုင်း ရုပ်စုံအဖွဲ့ |

## (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

### ပြဇာတ်

| စဉ် | ရက်စွဲ | ယှဉ်ပြိုင်မည့်တိုင်း |
| --- | --- | --- |
| ၁။ | ၂၄-၁၀-၂၀၀၇ | မန္တလေးတိုင်း |
| ၂။ | ၂၅-၁၀-၂၀၀၇ | ရန်ကုန်တိုင်း |
| ၃။ | ၂၇-၁၀-၂၀၀၇ | ပဲခူးတိုင်း |
| ၄။ | ၂၈-၁၀-၂၀၀၇ | ဧရာဝတီတိုင်း |

# (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆဋ္ဌမနေ့ပြိုင်ပွဲ အစီအစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၃

**အမျိုးသားရေး အဆီအနှစ်၊ အမျိုးသားရေးအနှစ်သာရများကို မြန်မာစာပေကျမ်းဂန်များတွင်သာမက ရတု၊ ကဗျာ၊ ပျို့၊ လင်္ကာ၊ မော်ကွန်းများ၊ နီတိကျမ်းနှင့်ဆုံးမစာများတွင်ပါ ရေးခြယ်သီကုံးဖွဲ့ဆိုထားကြသကဲ့သို့ မဟာဂီတတေးသီချင်းများနှင့် ဇာတ်သဘင်၊ ရုပ်သေးသဘင်တင်ဆက်ညွှန်းဖွဲ့မှုများတွင်လည်း စိမ့်ဝင်လွှမ်းခြုံလျက်ရှိသည်နှင့်အညီ နေပြည်တော်၌ အောက်တိုဘာ ၁၇ရက်မှစတင်၍ ဒုတိယအကြိမ်အဖြစ်ကျင်းပသည့် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဆဋ္ဌမနေ့ပြိုင်ပွဲ အစီအစဉ်များကို အောက်တိုဘာ ၂၂ရက်တွင် နေပြည်တော်ရေဆင်းရှိ သတ်မှတ်နေရာ အသီးသီး၌ ဆက်လက်၍ စည်ကားသိုက်မြိုက်စွာကျင်းပသည်။**

အဆိုပါပြိုင်ပွဲများ ကျင်းပရာသို့ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ အသီးသီးမှ တာဝန်ရှိသူများ၊ နေပြည်တော်ခရိုင်အတွင်းရှိ မြို့နယ်များမှပြည်သူများ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများနှင့် အနုပညာကို ချစ်မြတ်နိုးကြသော ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ဝါသနာရှင်အဆင့်(ဒုတိယတန်း)(အမျိုးသား) မဟာဂီတအဆိုပြိုင်ပွဲကိုကျင်းပရာ **"စုံသာမြိုင်လယ်"** (သီချင်းခံ)ဖြင့် ရန်ကုန်တိုင်းမှ ဦးထိန်လင်းအောင်၊ ရှမ်းပြည်နယ်မှ ဦးစိုင်းညိုမင်း၊ ကချင်ပြည်နယ်မှ ဦးသန့်ဇင်ဦး၊ တနင်္သာရီတိုင်းမှ ဦးပြည့်ဖြိုးလင်း၊ မကွေးတိုင်းမှ ဦးဆလိုင်းစံကြည်၊ မွန်ပြည်နယ်မှ ဦးကြီးမြင့်၊ မန္တလေးတိုင်းမှ ဦးပြေဌေး၊ ချင်းပြည်နယ်မှ ဦးချမ်းမြေ့၊ မန္တလေးတိုင်းမှ ဦးနန်းလှိုင်၊ ရန်ကုန်တိုင်းမှ ဦးစောဝင်း၊ ပဲခူးတိုင်းမှ ဦးအေးလွင်နှင့် စစ်ကိုင်းတိုင်းမှ မောင်သန်းမြတ်စိုးတို့ သီဆိုပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)နှစ် (အမျိုးသမီး) မဟာဂီတအဆိုပြိုင်ပွဲကို ဆက်လက်ကျင်းပရာ **"ပန်းညောင်လှိုင်ဘွဲ့"** (ယိုးဒယား) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မသွယ်သွယ်ဟန်၊ ရခိုင်ပြည်နယ်မှ မဦးခင်သိန်း၊ ပဲခူးတိုင်းမှ မဟေမာန်စိုးမိုး၊ စစ်ကိုင်းတိုင်းမှ မဇင်မာငြိမ်း၊ ရန်ကုန်တိုင်းမှ မနန်းသက်မှူးကြွယ်၊ ကရင်ပြည်နယ်မှ မဝတ်ရည်ထက်၊ မန္တလေးတိုင်းမှ မပန်းအိနှင့် ရှမ်းပြည်နယ်မှ မမေသက်နွယ်တို့ သီဆို၍ ပြိုင်ပွဲဝင်ကြသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အကပြိုင်ပွဲကို နံနက် ၉ နာရီတွင် နေပြည်တော်ရေဆင်းမွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပရာ အကအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ သဘင်ပညာရှင် ဦးစိန်မာဒင်နှင့် အကအကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

အခြေခံပညာအဆင့် အသက် (၅)နှစ်မှ (၁၀)နှစ် (အမျိုးသမီး) အကပြိုင်ပွဲတွင် ပဲခူးတိုင်းမှ မလင်းလက်အောင်၊ ဧရာဝတီတိုင်းမှ မရွှေဝင့်ထည်ကို၊ ရန်ကုန်တိုင်းမှ မမေအေးအေးချမ်း (ခေါ်)ကြာလေးစိန်၊ စစ်ကိုင်းတိုင်းမှ မနှောင်းနှောင်းနွယ်၊ မန္တလေးတိုင်းမှ မသိသိသာစည်ခိုင် (ခေါ်) မဖူးဝေသာ၊ မွန်ပြည်နယ်မှ မလဲ့ယဉ်သန်း၊ ရှမ်းပြည်နယ်မှ မသင်းနန္ဒာနိုင် (ခေါ်) ဖောင်းဖောင်း၊ ရှမ်းပြည်နယ်မှ မလွင်ထက်ထက်စံ၊ မန္တလေးတိုင်းမှ မအေးဇင်မာ၊ ကရင်ပြည်နယ်မှ မလွန်းပိုးအိဖြူ၊ ကချင်ပြည်နယ်မှ မလမုန်ဆွတ်ဆိုင်းစင်၊ မကွေးတိုင်းမှ မခင်ယင်းမာလွင်၊ ရန်ကုန်တိုင်းမှ မခွန်းဆက်လှိုင်၊ စစ်ကိုင်းတိုင်းမှ မဖြိုးကျော့ခိုင်၊ ကချင်ပြည်နယ်မှ မနိုနို၊ ရခိုင်ပြည်နယ်မှ မထက်ထက်လင်းမြတ်၊ ပဲခူးတိုင်းမှ မချစ်ဆုသွေး၊ တနင်္သာရီတိုင်းမှ မရွှေရည်ရတနာ၊ တနင်္သာရီတိုင်းမှ မခြူးသဉ္ဇာမြတ်၊ ကယားပြည်နယ်မှ မဇာဇာမြင့်၊ ကရင်ပြည်နယ်မှ မနန်းဌေးဌေးနိုင်နှင့် ဧရာဝတီတိုင်းမှ မခက်ပိုပိုနိုင်တို့ ယှဉ်ပြိုင်ကပြကြသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ တယောပြိုင်ပွဲကို နံနက် ၉နာရီတွင် နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေရှိ စိုက်ပျိုးရေး သုတေသနဌာန စုဝေးခန်းမ၌ ကျင်းပရာ တယောအတီးအကဲဖြတ်အဖွဲ့ ခေါင်းဆောင် တယောဦးတင်ငွေနှင့် တယောအတီး အကဲဖြတ်အဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။




**အဆိုပြိုင်ပွဲ**

**အခြေခံပညာအဆင့် အသက် (၁၅-၂၀)နှစ် (အမျိုးသမီး) မဟာဂီတ အဆိုပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းမှ မဇင်မာငြိမ်း ယှဉ်ပြိုင်စဉ်။**
(သတင်းစဉ်)

**ဆိုင်းအဖွဲ့လိုက်**

**အခြေခံပညာအဆင့် အသက် (၁၅-၂၀) နှစ် (အမျိုးသား) ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းမှ မောင်ထက်ဇော် (ခ) ကျော်ကျော်သက်နှင့်အဖွဲ့ ယှဉ်ပြိုင်စဉ်။**
(သတင်းစဉ်)




ထိုသို့ ပြိုင်ပွဲဝင်ရာတွင် အဆင့်မြင့်ပညာအဆင့် (အမျိုးသား) တယောပြိုင်ပွဲတွင် **"ရွှေနန်းအောင်ချာ"** (ကြိုး) သီချင်းဖြင့် ချင်းပြည်နယ်မှ မောင်ငင့်ခန့်ကိမ်း၊ ဧရာဝတီတိုင်းမှ မောင်ကျော်ရှင်းနိုင်နှင့် မန္တလေးတိုင်းမှ မောင်ရဲရင့်ကိုကိုတို့က တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ထို့အတူ အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး)တယောပြိုင်ပွဲတွင် **"မှန်ရဝေ"**(ပတ်ပျိုး)သီချင်းဖြင့် ရခိုင်ပြည်နယ်မှ မစန္ဒာဝင်း၊ ဧရာဝတီတိုင်းမှ မသင်းမြတ်ဆွေ၊ ရန်ကုန်တိုင်းမှ မအေးချမ်းသစ္စာ၊ မွန်ပြည်နယ်မှ မအိဂျူလိုင်အေးနှင့် ရန်ကုန်တိုင်းမှ မရွှေရင်ငြိမ်းတို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက် (၁၀)နှစ်မှ (၁၅)နှစ် (အမျိုးသား) တယောပြိုင်ပွဲကိုကျင်းပရာ **"ကျွန်းကျွန်းပိုင်သ"** (ကြိုး) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်စောသုမှုစေး၊ မွန်ပြည်နယ်မှ မောင်မင်းအောင်ကျော်သူ၊ မန္တလေးတိုင်းမှ မောင်မျိုးသီဟကိုနှင့် မောင်ကျော်ဝဏ္ဏ၊ ရှမ်းပြည်နယ်မှ မောင်ခွန်နေရီ၊ ကချင်ပြည်နယ်မှ မောင်ယောဘနှင့် ရန်ကုန်တိုင်းမှ မောင်စောနေဆိုးတို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ထို့အတူ အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ် (အမျိုးသမီး) တယောပြိုင်ပွဲတွင် **"ကျွန်းကျွန်းပိုင်သ"** (ကြိုး)သီချင်းဖြင့် ကချင်ပြည်နယ်မှ မအိအိမွန်၊ ရန်ကုန်တိုင်းမှ မနော်လားဘွယ်ဖော၊ ဧရာဝတီတိုင်းမှ မမေမဉ္ဇူအေး၊ ရန်ကုန်တိုင်းမှ မစပယ်ဖူး၊ မန္တလေးတိုင်းမှ မမြအိမြူ၊ ရှမ်းပြည်နယ်မှ မမြတ်မွန်ကိုကိုနှင့် မန္တလေးတိုင်းမှ မပန်ပန်ရွှေစိုးတို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

အလားတူ ဝါသနာရှင်အဆင့်(ပထမတန်း)(အမျိုးသား) ဒုံမင်းအတီးပြိုင်ပွဲကို ကျင်းပရာ**"မန်းတောင်လက်ယာ"**(ယိုးဒယား)သီချင်းဖြင့်ရန်ကုန်တိုင်းမှ ဦးတင်ဝင်း၊ မကွေးတိုင်းမှ ဦးကျော် ဌေး၊ ရန်ကုန်တိုင်းမှ ဦးလှိုင်တင့်ဆွေ၊ ပဲခူးတိုင်းမှ ဦးစိန်ဝင်းနှင့်ဧရာဝတီတိုင်းမှ ဦးမောင်ဟန်တို့ တီးခတ်၍ ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် ဝါသနာရှင်အဆင့် (ပထမတန်း) (အမျိုးသမီး) ဒုံမင်းအတီးပြိုင်ပွဲကို ဆက်လက် ကျင်းပရာ မန္တလေးတိုင်းမှ ဒေါ်စိန်စိန်ရင်၊ ရန်ကုန်တိုင်းမှ ဒေါ်ရည်ဖုန်းဆွေနှင့် မန္တလေးတိုင်းမှ ဒေါ်သန်းသန်းညွှန့်တို့က **"ပပဝင်း"** (ပတ်ပျိုး) သီချင်းဖြင့် တီးခတ်၍ ပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက် (၁၀)နှစ်မှ (၁၅) နှစ် (အမျိုးသား) ဒုံမင်းအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ **"ဂန္ဓမာတောင်"** (ဘွဲ့) သီချင်းဖြင့် ပဲခူးတိုင်းမှ မောင်သန်းဇော်အောင်၊ ရန်ကုန်တိုင်းမှ မောင်အောင်စည်မင်းထက်၊ စစ်ကိုင်းတိုင်းမှ မောင်နေဗလကျော်၊ ရန်ကုန်တိုင်းမှ မောင်စည်သူထက်အောင်နှင့် မကွေးတိုင်းမှ မောင်မြမိုးတို့တီးခတ်၍ ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ် (အမျိုးသမီး) ဒုံမင်းအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းမှ မခင်မြင့်မြတ်မောင်၊ မန္တလေးတိုင်းမှ မအိအိချော၊ မကွေးတိုင်းမှ မကြည်ကြည်သာတို့ တီးခတ်၍ ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)နှစ်(အမျိုးသား) ဒုံမင်းအတီး ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ဧရာဝတီတိုင်းမှ မောင်မိုးမဝ၊ ရန်ကုန်တိုင်းမှ မောင်ထူးအောင်နှင့် မောင်ဇေယျာစိုး၊ မကွေးတိုင်းမှ မောင်လှိုင်မိုး၊ ကရင်ပြည်နယ်မှ မောင်သူရနှင့် ပဲခူးတိုင်းမှ မောင်အောင်ကျော်မြင့်တို့ တီးခတ်၍ ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)နှစ် (အမျိုးသမီး) ဒုံမင်းအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ **"သမ္ဗုဒ္ဓေ"**(ကာလပေါ်)သီချင်းဖြင့် ရန်ကုန်တိုင်းမှ မနန်းကြာညိုကျော့၊ မကွေးတိုင်းမှ မအင်ကြင်းဦး၊ မန္တလေးတိုင်းမှ မနန္ဒာလင်း၊ ပဲခူးတိုင်းမှ မခိုင်သန္တာစိုး၊ မန္တလေးတိုင်းမှ မဇာနည်ခိုင်နှင့် ရန်ကုန်တိုင်းမှ မရွှေစင်ချစ်တို့ တီးခတ်၍ ပြိုင်ပွဲဝင်ကြသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဒိုးပတ်အတီးပြိုင်ပွဲကို နေပြည်တော်ရေဆင်းရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန (စုဝေးခန်းမ)၌ နံနက် ၉နာရီတွင် ကျင်းပရာ ဒိုးပတ်အတီး အကဲဖြတ် ပညာရှင်များအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးစိန်ဘမော်နှင့် အဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

ထိုသို့ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) ဒိုးပတ်အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ မောင်အောင်ဇော်ဦး (ခ)ပြူးကြယ်နှင့်အဖွဲ့နှင့် မောင်အောင်သူဟိန်းနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ ဦးအောင်သန်းဇော်နှင့်အဖွဲ့၊ ရခိုင်ပြည်နယ်မှ ဦးကျော်ဝင်းနှင့်အဖွဲ့၊ မန္တလေးတိုင်းမှ ဦးပြည့်ဖြိုးမော်နှင့်အဖွဲ့၊ ဧရာဝတီတိုင်းမှ ဦးချစ်ကျော်ကျော်နှင့်အဖွဲ့၊ ပဲခူးတိုင်းမှ ဦးကျော်ဇင်လတ်နှင့်အဖွဲ့နှင့် မန္တလေးတိုင်းမှ ဦးလင်းထိုက်အောင်နှင့်အဖွဲ့တို့ ပြိုင်ပွဲဝင်ကြသည်။

အလားတူ မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက် (၁၅)နှစ်မှ (၂၀)နှစ် ဒိုးပတ်အတီးပြိုင်ပွဲတွင် **စာမျက်နှာ ၇ ကော်လံ ၁ သို့** ✧

## (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်ဇယား

| ရက်စွဲ | ပြိုင်ပွဲဘာသာရပ် | ပြိုင်ပွဲအဆင့် | အချိန် | နေရာ |
|---|---|---|---|---|
| **၂၄-၁၀-၂၀၀၇ (ဗုဒ္ဓဟူးနေ့)** | မဟာဂီတ | အခြေခံ(၁၅-၂၀) (ကျား)<br>ဝါသနာရှင် (ဒု) (မ) | ၀၉၀၀ | စိုက်ပျိုးရေးတက္ကသိုလ် (စုဝေးခန်းမ) |
| | ရုပ်သေး | ဝါသနာရှင် (ဒု) (ကျား)<br>ဝါသနာရှင် (ဒု) (မ) | ၀၉၀၀ | မွေးမြူရေးဆိုင်ရာဆေး တက္ကသိုလ်(ဘွဲ့နှင်း) |
| | **ပြဇာတ်** | **စည်းလုံးစို့လေသွေးချင်းတို့ရဲ့ပြည် မန္တလေးတိုင်း မျိုးနန္ဒနှင့်အဖွဲ့** | ၁၉၀၀ | ။ |
| | အရေး(သီချင်းပြိုင်ပွဲဝင်) | ဝါသနာရှင် (ဒု) | ၀၉၀၀ | စိုက်ပျိုးရေးသုတေသန (စုဝေးခန်းမ) |
| | **ရုပ်စုံသဘင်အဖွဲ့လိုက်** | **မဟာဒုက်ဇာတ်တော် ရန်ကုန်တိုင်း တော်ဝင်ရုပ်စုံအဖွဲ့** | ၁၉၀၀ | (စုဝေးခန်းမ) |
| | တယော | ဝါသနာရှင် (ဒု)(ကျား)(မ)<br>အခြေခံ (၁၅-၂၀)(ကျား)(မ) | ၀၉၀၀<br>၁၃၀၀ | သစ်တောသုတေသန (စုဝေးခန်းမ) |
| | ဂီတာ | ဝါသနာရှင်(ပ) (က)(မ)<br>အခြေခံ(၁၅-၂၀)(ကျား)(မ)<br>အခြေခံ(၅-၁၀)(ကျား)(မ) | ၀၉၀၀<br>၁၃၀၀ | စိုက်ပျိုးရေးတက္ကသိုလ် (စာသင်ခန်းမ)<br>။ |
| | ဆိုင်း(အဖွဲ့လိုက်) | ဝါသနာရှင် (ပ) (မ)<br>အခြေခံ (၁၅-၂၀) (မ)<br>အဆင့်မြင့်(မ) | ၀၉၀၀<br>၁၃၀၀ | စိုက်ပျိုးရေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ) |

# နိုင်ငံတော်၌ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟုခံယူ

## မကွေးတိုင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ပဲခူးတိုင်းတို့၌ တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချပွဲပြုလုပ်

နေပြည်တော်      အောက်တိုဘာ      ၂၃

**နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော သံဃာအချို့နှင့် NLD ပါတီဝင်တို့၏ ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသောကြောင့် မကွေးတိုင်း သရက်မြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ်၊ မိုင်းကိုင်မြို့နယ်၊ လဲချားမြို့နယ်၊ ပဲခူးတိုင်း ကျောက်တံခါးမြို့နယ်၊ ညောင်လေးပင်မြို့နယ်၊ ရွှေကျင်မြို့နယ်၊ ဝေါမြို့နယ်၊ ကဝမြို့နယ်၊ အုတ်တွင်းမြို့နယ်၊ ဖြူးမြို့နယ်၊ ထန်းတပင်မြို့နယ်နှင့် ကျောက်ကြီးမြို့နယ်တို့မှ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို လိုလားသူများက အောက်တိုဘာ ၁၄ ရက်၊ ၁၈ရက်၊ ၁၉ ရက်၊ ၂၀ ရက်နှင့် ၂၂ ရက်တို့တွင် ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ၎င်းတို့အား ဆန့်ကျင်သော ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချပွဲများ ပြုလုပ်ခဲ့ကြသည်။**

မကွေးတိုင်း သရက်မြို့ ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ သရက်မြို့ မြို့ပေါ်ရှစ်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၃ အုပ်စုတို့မှ ပြည်သူအင်အား ၈၀၀၀ ကျော်တို့သည် အောက်တိုဘာ ၁၄ ရက် နံနက် ၆ နာရီ ၄၅ မိနစ်တွင် သရက်မြို့ ပြည်သူ့အားကစားကွင်း စုရပ်မှ မင်းတုန်းလမ်း၊ လမ်းမတော်လမ်း၊ သတ္တဌာနဘုရားလမ်း၊ ပွဲစားလမ်း၊ လျှပ်စစ်ရုံးလမ်းတို့သို့ လှည့်လည်၍ ဆူပူအကြမ်းဖက်သမားများ အလိုမရှိ၊ ပြည်တွင်းပြည်ပ အဖျက်သမားများ အလိုမရှိ စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံ ၁၄ ခုကို ကိုင်ဆောင်ကာ သရက်မြို့ လူထုမှ တည်ငြိမ်မှုကို လိုလားသည် စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။




**နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး မိုင်းကိုင်မြို့၌ ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချကြစဉ်။** (သတင်းစဉ်)

ထို့အတူ ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးသီးမြို့နယ် ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ ကျေးသီးမြို့ မြို့ပေါ် ခြောက်ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၇အုပ်စု၊ မိုင်းနောင်မြို့နယ်တို့မှ ပြည်သူအင်အား ၇၅၀၀ကျော်တို့သည် အောက်တိုဘာ ၁၈ရက် နံနက် ၈နာရီ ၅၅ မိနစ်တွင် ကျေးသီးမြို့ ပြည်သူ့အားကစားကွင်းမှ သစ်ခွလမ်း၊ ကျေးသီးမိုင်းရယ်လမ်း၊ လမ်းမတော် လမ်းမှတစ်ဆင့် ဟော်လမ်းအတိုင်း လှည့်လည်၍ ဒို့တာဝန်အရေးသုံးပါး နှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်ရမည် စသည့် ကြွေးကြော်သံများကို သံပြိုင် ညီညာကြွေးကြော်ပြီး တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကိုလိုလားသည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလား၊ သူ့ကျွန်မခံပါ၊ ကိုလိုနီနယ်ချဲ့လက်သစ်ဝါဒ ဒို့လက်မခံ စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

အလားတူ ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းကိုင်မြို့နယ် ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ မိုင်းကိုင်မြို့ မြို့ပေါ်ရပ်ကွက် ငါးရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ ပြည်သူ့အင်အား ၈၀၀၀ ကျော်တို့သည် အောက်တိုဘာ ၁၉ရက် နံနက် ၈နာရီတွင် မိုင်းကိုင်မြို့အတွင်း လှည့်လည်၍ ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်ရမည်စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး တည်ငြိမ်မှုကိုလိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလား၊ BBC, VOA, RFA လေလှိုင်းပေါ်က လူသတ်သမားများ ပြည်သူအားလုံးသတိထား၊ ကိုလိုနီနယ်ချဲ့ လက်သစ်ဝါဒ ဒို့လက်မခံ စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ရှမ်းပြည်နယ် လဲချားမြို့နယ် ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ လဲချားမြို့ မြို့ပေါ်ရပ်ကွက် လေးရပ်ကွက်၊ ကျေးရွာအုပ်စု ရှစ်အုပ်စုတို့မှ ပြည်သူ အင်အား ၁၂၀၀၀ ကျော်တို့သည် အောက်တိုဘာ ၂၀ရက် နံနက် ၉နာရီခွဲတွင် လဲချားမြို့တွင်း လှည့်လည်၍ ဒို့တာဝန်အရေး သုံးပါးနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်ရမည် စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလား၊ ကိုလိုနီနယ်ချဲ့လက်သစ် ဝါဒ ဒို့လက်မခံ၊ သူ့ကျွန်မခံပါ၊ BBC, VOA, RFA လေလှိုင်းပေါ်က လူသတ်သမားများ ပြည်သူအားလုံး သတိထား စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချပွဲသို့ ကျောက်တံခါးမြို့မှ ပြည်သူ့အင်အား ၁၅၀၀၀ ခန့်သည် အောက်တိုဘာ ၂၂ရက် နံနက် ၆နာရီတွင် ကျောက်တံခါးမြို့နယ်အတွင်း လှည့်လည်၍ ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချပွဲသို့ ညောင်လေးပင်မြို့နယ်မှပြည်သူ့အင်အား ၃၀၀၀၀ ခန့်သည် အောက်တိုဘာ ၂၂ရက် နံနက် ၆ နာရီ ၁၅ မိနစ်တွင် ညောင်လေးပင်မြို့တွင်း လှည့်လည်၍ ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး ပြည်ထောင်စုအလံများ၊ ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ပဲခူးတိုင်း ရွှေကျင်မြို့နယ် ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ ရွှေကျင်မြို့မှ ပြည်သူအင်အား ၂၁၀၀၀ ကျော်တို့သည် အောက်တိုဘာ ၂၂ရက် နံနက် ၇နာရီတွင် ရွှေကျင်မြို့အတွင်း လှည့်လည်၍ ကြွေးကြော်သံများကို သံပြိုင်ညီညာကြွေးကြော်ကြပြီး လက်ကိုင်ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ပဲခူးတိုင်း ဝေါမြို့နယ် ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ ဝေါမြို့နယ် မြို့ပေါ်ရပ်ကွက် ခြောက်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရှစ်အုပ်စုတို့မှ ပြည်သူအင်အား ၁၄၀၀၀ ကျော်တို့သည် အောက်တိုဘာ ၂၂ရက် နံနက် ၅ နာရီ ၅၅ မိနစ်တွင် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး လက်ကိုင်ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ပဲခူးတိုင်း ကဝမြို့နယ် ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ ကဝမြို့ မြို့ပေါ်ရပ်ကွက် ခြောက်ရပ်ကွက်နှင့် ကျေးရွာ ၁၄ရွာတို့မှ ပြည်သူအင်အား ၁၃၅၀၀ ခန့်တို့သည် အောက်တိုဘာ ၂၂ ရက် နံနက် ၇ နာရီတွင် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး လက်ကိုင်ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ပဲခူးတိုင်း အုတ်တွင်းမြို့ ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ အုတ်တွင်းမြို့ မြို့ပေါ်ရပ်ကွက် ခြောက်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၅အုပ်စုတို့မှ ပြည်သူအင်အား ၂၀၀၀၀ ကျော်တို့သည် အောက်တိုဘာ ၂၂ ရက် နံနက် ၆ နာရီတွင် အုတ်တွင်းမြို့ နဝဒေးလမ်း၊ ၎င်းမှ အင်းဝလမ်း၊ ၎င်းမှ ပေါက်ခေါင်းလမ်း၊ ၎င်းမှ အောင်စိုးမိုးလမ်း၊ ၎င်းမှ ရန်ကုန်-မန္တလေးအတိုင်း လှည့်လည်၍ ဒို့တာဝန်အရေးသုံးပါး ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး ဆူပူအကြမ်းဖက်မှု အန္တရာယ် ဒို့ကာကွယ်၊ ကိုလိုနီနယ်ချဲ့လက်သစ်ဝါဒ ဒို့လက်မခံ၊ ဆရာဒကာ သွေးစည်းမှု ဒို့ရှေးရှု၊ အေးချမ်းမှုကို မဖျက်ဆီးပါနှင့် စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ပဲခူးတိုင်း ဖြူးမြို့ ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ ဖြူးမြို့ပေါ် ရပ်ကွက် ၁၀ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၀ နှင့် ကညွတ်ကွင်း၊ ညောင်ပင်သာ၊ ဇေယျဝတီမြို့တို့မှ ပြည်သူအင်အား ၂၀၀၀၀ ကျော်တို့သည် အောက်တိုဘာ ၂၂ ရက် နံနက် ၆ နာရီတွင် ဖြူးမြို့အတွင်းလှည့်လည်၍ ဒို့တာဝန်အရေးသုံးပါး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်ရမည်။ ဆူပူအကြမ်းဖက်သမားများ အလိုမရှိ စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာကြွေးကြော်ကြပြီး တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလား၊ ရှေ့လုပ်ငန်းစဉ်(၇)ရပ် အောင်ရမည် စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ပဲခူးတိုင်း ထန်းတပင်မြို့ ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ ထန်းတပင်မြို့နယ်မှ ပြည်သူအင်အား ၁၅၀၀၀ ကျော်တို့သည် အောက်တိုဘာ ၂၂ရက် နံနက် ၆ နာရီခွဲတွင် ထန်းတပင်မြို့အတွင်း လှည့်လည်၍ ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်ရမည် စသည့် ကြွေးကြော်သံများကို ကယား၊ ရှမ်း၊ ပအိုဝ်း၊ မြန်မာဘာသာတို့ဖြင့် သံပြိုင်ညီညာ ကြွေးကြော်ကြပြီး တည်ငြိမ်မှုကို လိုလားသည်၊ ဆူပူမှုကို မလိုလား၊ BBC,VOA, RFA လေလှိုင်းပေါ်က လူသတ်သမားများ သတိထား စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချပွဲသို့ ကျောက်ကြီးမြို့ပေါ်ရပ်ကွက် ခုနစ်ရပ်ကွက်၊ ကျေးရွာ ၁၈ ရွာတို့မှ ပြည်သူအင်အား ၇၀၀၀ ခန့်သည် အောက်တိုဘာ ၂၂ ရက် နံနက် ၇နာရီ ၁၅မိနစ်တွင် ကျောက်ကြီးမြို့ စေးဒေးမောဒေးလမ်းဆုံစုရပ်မှ ဗိုလ်ချုပ်လမ်း၊ ၎င်းမှ မြို့လယ်တံတားကို ဖြတ်၍ ဗန္ဓုလလမ်း၊ ၎င်းမှမင်းရဲကျော်စွာလမ်း၊ ၎င်းမှ ဗိုလ်ချုပ်လမ်း၊ ၎င်းမှ အနော်ရထာလမ်း၊ ၎င်းမှ မြို့လယ်တံတားကိုဖြတ်၍ ရွှေကျင်လမ်း၊ ၎င်းမှ ဇီဇဝါလမ်း၊ ၎င်းမှ ကျောင်းလမ်း၊ ၎င်းမှ ရုံးပေါင်းစုံလမ်း၊ ၎င်းမှ စေဒေး မောဒေးလမ်းဆုံအထိ လှည့်လည်၍ ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ် အောင်ရမည် စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာကြွေးကြော်ကြပြီး ပြည်တွင်းပြည်ပ အဖျက်သမားများ အလိုမရှိ၊ တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ သူ့ကျွန်မခံပါ၊ အမေကျော် ဒွေးဘော် မလွမ်းပါနဲ့၊ BBC, VOA, RFA ဒို့လက်မခံစသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်းသတင်းရရှိသည်။(သတင်းစဉ်)




**နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ထန်းတပင်မြို့၌ ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချကြစဉ်။**(သတင်းစဉ်)

✧ စာမျက်နှာ ၆ မှ

မန္တလေးတိုင်းမှ မောင်အောင်မိုးဦးနှင့် အဖွဲ့နှင့် စိန်ဗိုလ်ထွားနှင့် အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်ဇော်မင်း (ခ)ဖိုးလပြည့်နှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ ချင်းတွင်းသားလေးမောင်သော်ဇင်ဖြိုးနှင့် အဖွဲ့တို့ ပြိုင်ပွဲဝင်ကြသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲကို နေပြည်တော်ရေဆင်းရှိ စိုက်ပျိုးရေး သုတေသနဦးစီးဌာန (ဘွဲ့နှင်းသဘင်)ခန်းမ၌ ကျင်းပရာ ဆိုင်းအဖွဲ့လိုက် အတီး အကဲဖြတ်ပညာရှင်များ အဖွဲ့ခေါင်းဆောင် ဦးစိန်စတင်းနှင့်အဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ် (အမျိုးသား) ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ မောင်ဖြိုးဝေသူနှင့်အဖွဲ့နှင့် မောင်ဆန်းဆင့်မောင်မောင်နှင့် အဖွဲ့တို့ ပြိုင်ပွဲဝင်ကြသည်။

ထို့အတူ မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)နှစ် ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းမှ မောင်ထက်ဇော် (ခ)ကျော်ကျော်သက်နှင့် အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်တင်ထက်ပိုင်လင်း (ခ)ဗိုလ်ရှိုင်းနှင့်အဖွဲ့၊ မန္တလေးတိုင်းမှ မောင်ကျော်သက်အောင်နှင့်အဖွဲ့နှင့် ရန်ကုန်တိုင်းမှ မောင်အောင်ဆန်းမင်းနှင့် အဖွဲ့တို့ ပြိုင်ပွဲဝင်ကြသည်။ (သတင်းစဉ်)

# ဗုဒ္ဓမြတ်စွာ သာသနာ ရောင်ဝါဖြိုးကွန့် အစွန့်ရှည်စွာတည်စေသော်(၂)

## မြတ်ဗုဒ္ဓ

ခရစ်မတိုင်မီခေတ် (ဘီစီ-၆၂၃ခုနှစ်)၌ ကပိလဝတ်ပြည်မှ သကျ(သာကီဝင်)အနွယ် သုဒ္ဓေါဒနမင်းကြီး၏ မိဖုရားကြီးမာယာဒေဝီသည် လုမ္ဗိနီဥယျာဉ်အတွင်း သာယာရှုမောအင်ကြင်းတော (ယနေ့ နီပေါနိုင်ငံအတွင်း)၌ သိဒ္ဓတ္ထ(ဘုရားလောင်း)သတို့သားကို ဖွားမြင်တော်မူခဲ့သည်။ သိဒ္ဓတ္ထမင်းသားအားစည်းစိမ်ပြည့်ဝစွာစီမံထားသော ရမ္မ၊ သုဘ၊ သုရမ္မနန်းမသုံးဆောင်တွင် မြေကြီးခြေမကျ စံစားစေခဲ့သည်။

သိဒ္ဓတ္ထမင်းသားသည် သက်တော် (၂၉)နှစ်တွင် မယ်ယသော်၊ သားတော်ရာဟုလာနှင့် ထီးနန်းစည်းစိမ်အဝဝကို စွန့်လွှတ်ကာ တရားစစ်၊ တရားမှန်ရှာဖွေ အားထုတ်ရန် တောထွက်တော်မူခဲ့သည်။ ဤသို့ တောထွက်ခြင်းဖြင့် ထီးနန်းစည်းစိမ်၌ အလွန်အကျွံ နှစ်မွှန်းခံစားခြင်းတည်းဟူသော လက်ယာအစွန်း၏အပြစ်ကို သိဒ္ဓတ္ထမင်းသား သိမြင်ပြီးဖြစ်ပေသည်။

သိဒ္ဓတ္ထသည် ဥရုဝေလတော၌ ခြောက်နှစ်ကြာမျှ ဒုက္ကရစရိယာအကျင့်ကိုကျင့်ရင်း ရုပ်လက္ခဏာများ ယိုယွင်းပြိုကျကာ နာမ်ဓာတ်ပါ ညှိုးမှိန်လာပြီး အသိဉာဏ် အလင်းမပေါက်နိုင်ဘဲ ဖြစ်ခဲ့ရသည်။ ဂေါတမလောင်းလျာသည် ထိုသို့အကျင့်လွန်သော လက်ဝဲစွန်း၏အပြစ်ကိုပါ သိမြင်ဆင်ခြင်လျက် အစာအာဟာရများကို ပြန်လည်သုံးဆောင်တော်မူသည်။ ထိုသို့ လက်ယာ အစွန်း၊ လက်ဝဲအစွန်းအမှားတရား နှစ်ခုမှကင်းလွတ်သော အလယ်အလတ်လမ်း (မဇ္ဈိမပဋိပဒါ) ကျင့်စဉ်အတိုင်း အားထုတ်သောအခါတွင်မှ အမှန်တရား၏အလင်းရောင်ရှိသူ၊ အလင်းရောင်ရရှိသူ၊ အသိပေါက်သူ၊ သိသူ ဗုဒ္ဓအဖြစ်သို့ ရောက်ရှိခဲ့သည်။

မဂဓတိုင်း၊ ဂယာအနီးရှိ ဗောဓိညောင်ပင်ရင်းတွင် တရားမှန်အသိပေါက်ကာ သဗ္ဗညုတရွှေဉာဏ်တော်ရှင်ဘုရားအဖြစ် ရောက်တော်မူခဲ့သော ဗုဒ္ဓဂေါတမသည် ထိုစဉ်က သက်တော် (၃၅) နှစ် ရှိချေပြီ။ သစ္စာလေးပါးတရား (အမှန်လေးချက်)ကို သိမြင်ကာ ဘုရားအဖြစ်ရောက်သောဗုဒ္ဓ၏ ပထမ ဝစနကား ဤသို့ဖြစ်သည်။

"ဂဟကာရံ၊ အတ္တဘောတည်းဟူသော ခန္ဓာအိမ်ကိုဆောက်လုပ်ပြုပြင်စီရင်တတ်သော တဏှာယောကျာ်း လက်သမားကို၊ ဂဝေသန္တော၊ ဉာဏ်ဖြင့်မွေ့၍ရှာဖွေသောငါသည်၊ တံဒသနံ၊ ထိုတဏှာယောကျာ်း လက်သမားကို မြင်နိုင်စွမ်းသော၊ ဉာဏ်၊ သဗ္ဗညုတဉာဏ်ကို၊ အနေကဇာတိသံသာရံ များလှစွာသော ဘဝအသိန်းမက အရေအတွက်ရှိသော သံသရာကာလပတ်လုံး၊ အနိဗ္ဗိသံ အဝိန္ဒန္တော ယေဝ၊ မရသည်ဖြစ်၍ သာလျှင်၊ သန္ဓာဝိဿံ သံသရိံ၊ ထိုဘဝ ဤဘဝကျင်လည်ခဲ့ရလေပြီ။ ပုနပ္ပုန့်၊ အဖန်တလဲလဲ ဇာတိပဋိသန္ဓေနေရခြင်းမည်သည်၊ ဒုက္ခာဇရာ၊ ဗျာဓိမရဏာတို့နှင့် ရောသည်၏အဖြစ်ကြောင့် ဆင်းရဲ၏။ ဂဟကာရက၊ အတ္တဘောတည်းဟူသော ခန္ဓာအိမ်ကို ဆောက်လုပ်ပြုပြင် စီရင်တတ်သော တဏှာယောကျာ်း၊ ဟယ်လက်သမား၊ တွံ၊ သင့်ကို၊ ဒိဋ္ဌောသိ၊ ဤအခါ၌၊ တံ-ဒသနံ၊ ထိုတဏှာယောကျာ်း လက်သမားကို မြင်နိုင်စွမ်းသော၊ ဉာဏံ၊ သဗ္ဗညုတဉာဏ်ကို၊ ပဋိဝိဇ္ဈန္တေန၊ ထိုးထွင်း၍သိတတ်သော၊ မယာ၊ ငါသည်၊ ဒိဋ္ဌော၊ မြင်အပ်သည်၊ အသိဖြစ်၏။ ဂေဟံ၊ အတ္တဘောတည်းဟူသော ငါ၏ခန္ဓာအိမ်ကို၊ ပုန၊ တစ်ဖန်၊ နကာဟသိ၊ မပြုမဆောက်ရလတ္တံ့၊ တေ၊ သင်တဏှာယောကျာ်း လက်သမား၏၊ သဗ္ဗာခပ်သိမ်းကုန်သော၊ ဖာသုကာ၊ အဝိဇ္ဇာမှကင်းသော ကိလေသာတည်းဟူသော အမိုက်မှောင်တို့ကို၊ မယာ၊ ငါသည်၊ ဘဂ္ဂါ၊ ချိုးဖဲ့ဖျက်ဆီးအပ်ပြီ၊ မမ၊ ငါ၏၊ စိတ္တံ၊ စိတ်သည်၊ ဝိသင်္ခါရဂတံ၊ နိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် ရောက်ပြီ၊ အဟဥ္စ၊ ငါသည်လည်း၊ တဏှာနံ၊ သင်တဏှာတို့၏၊ ခယံ၊ ကုန်ရာကုန်ကြောင်းဖြစ်သော အရဟတ္တဖိုလ်သို့၊ အဇ္ဈဂါ၊ ရောက်ပြီ"

ဗုဒ္ဓသည် သစ္စာလေးပါး (အမှန်တရား)ကို သိမြင်တော်မူကာ နိဗ္ဗာန်လမ်းကိုညွှန်ပြတော် မူခဲ့သည်။ ပဉ္စဝဂ္ဂီငါးပါးမှအစ ဗာရာဏသီမြို့ကြီးသား သူဌေးကလေးငါးဦး၊ နယ်အရပ်ရပ်မှ သူဌေးသား ၂၀၊ ဘဒ္ဒဝဂ္ဂီမင်းသား သုံးဆယ်တို့အား ဓမ္မစကြာမြတ်တရားဟောကြားတော်မူကာ ဗုဒ္ဓနှင့်တပည့်ရဟန်း ၆၀ပါဝင်သော သံဃာအဖွဲ့ကြီး ထူထောင်မိခဲ့သည်။ ဗုဒ္ဓကတပည့်ရဟန်း ၆၀ တို့အား နိဗ္ဗာန်ရောက်ကြောင်း တရားဓမ္မကို အရပ်မျက်နှာအသီးသီးသို့ တစ်ပါးလျှင် လမ်းကြောင်းတစ်ကြောင်းစီသွားကာ ဆင့်ပွားဟောပြောရန်မိန့်မှာသည်။ ဗုဒ္ဓကိုယ်တော်တိုင်ကမူ ဥရုဝေလတောသို့ ကြွသွားပြီး ဥရုဝေလကဿပရသေ့ညီနောင်နှင့် နောက်လိုက် ၁၀၀၀ ရှိသည့် ရသေ့များကို တရားပြ ကျွတ်တမ်းဝင်စေတော်မူခဲ့သည်။

မြတ်စွာဘုရားသည် နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းလမ်းမြတ်တရားများကို ကိုယ်တော်တိုင်ပရိနိဗ္ဗာန်ပြုသည့် သက်တော် ရှစ်ဆယ်အထိ ဟောကြားကာ လူနတ်ဗြဟ္မာ သတ္တဝါတို့အား ကယ်တင်တော်မူခဲ့သည်။

### သစ္စာလေးပါးမြတ်တရား

**ဗုဒ္ဓ၏ သစ္စာလေးပါးမှ ပထမ(သစ္စာ)အမှန်ကား ဒုက္ခသစ္စာ (ဒုက္ခအမှန်) ဖြစ်၏။ ဖြစ်မှု၊ အိုမှု၊ နာမှု၊ သေဆုံး ပျက်စီးမှု၊ အလိုမပြည့်မှု အချုပ်အားဖြင့် အစွဲမကင်းသော ခန္ဓာကိုယ်သည် ဆင်းရဲ၏။**

**ဒုတိယအမှန်ကား ထိုဒုက္ခကို ဖြစ်စေတတ်သောအကြောင်း (သမုဒယသစ္စာ)ဖြစ်သည်။ (၁)မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်တို့မှ အပြင်ရုပ်တရားများဖြစ်သည့် အဆင်း၊ အနံ့၊ အသံ၊ အရသာ၊ အထိအတွေ့တို့နှင့်ကြုံကြိုက်ရာတွင် တပ်မက်သော၊ (၂)မိမိတို့ ရရှိထားသည့်ဘဝကို မြဲသည်ဟူသော အယူဖြင့်စွဲလမ်းသော၊ (၃) ဘဝစည်းစိမ် အမျိုးမျိုးကို ရနိုင်၏၊ ရောက်နိုင်၏၊ ရရာရကြောင်း၊ ရောက်ရာရောက်ကြောင်း၊ အကြောင်းတစ်စုံတစ်ရာမရှိဘဲ စိတ်ကူးနှင့်ကြံဆသော တဏှာ ဖြစ်ပေသည်။**

**တတိယအမှန်ကား ထိုတဏှာမှ အကြွင်းမဲ့ကင်းလွတ်မှု၊ ကွင်းကျွတ်မှု၊ ထိုတဏှာ၏ ကွာဟမှု(ဝါ)ခွာချမှုကြောင့် ဖြစ်ပေါ်လာသော ဒုက္ခချုပ်ငြိမ်းမှု သန္တိသဘောဖြစ်သည့် နိရောဓသစ္စာဖြစ်၏။**

**စတုတ္ထအမှန်(မဂ္ဂသစ္စာ)တွင် သန္တိသုခစိတ်ကို ရရှိနိုင်ရန် ညွှန်ပြပေးသော လမ်းရှစ်သွယ်(မဂ္ဂင်ရှစ်ပါး)ကို ညွှန်ပြတော်မူခဲ့၏။**

**သိက္ခာသုံးပါးတွင် သီလသည်အရင်းခံဖြစ်၏။ လက်တွေ့အားဖြင့်လည်း သီလသိက္ခာ စင်ကြယ်သူသာ မှန်ကန်သော သမာဓိရှိသည်ကို တွေ့ရ၏။ သမာဓိရှိသူမှလည်း ထိုးထွင်းသော အသိဉာဏ်ပညာကို ရနိုင်၏။ (သမာဟိတောယထာ ဘူတံဇာနာတိ-တည်ကြည်သူသည် ဟုတ်တိုင်းမှန်စွာသိနိုင်၏။) ပရိယတ်တရားတော်တွင်လည်း ဝိနည်းတရားတော်သည် ရဟန်းတော်များ၏ သီလသိက္ခာကို အပြည့်အစုံညွှန်ပြသော တရားတော်ဖြစ်၏။ ထိုမျှလောက်ကြီးကျယ်သောသီလသည် သာသနာပကာလ၌ မရှိနိုင်။ မှန်၏။ သာသနာပကာလ၌ ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါးစသော ကိုယ်ကျင့်သီလများရှိနိုင်သော်လည်း သာသနာတွင်း၌ကဲ့သို့ ကုဋေကိုးထောင် ကျော်သီလမျိုးကား ကြားမှုမကြားရချေ။ ထိုသီလတော်များသည် သာသနာ့ဝန်ထမ်း ရဟန်းတော်များအတွက် ဘုရားရှင် ပညတ်ထားသော ဥပဒေတော်ကြီးလည်းဖြစ်၏။ ထိုဥပဒေတော်အရ စောင့်စည်းနေထိုင်သော ရဟန်းတော်များသည် ကိုယ်အမူအရာအားဖြင့်လည်းကောင်း၊ နှုတ်အပြောအဆိုအားဖြင့် လည်းကောင်း မည်သည့် လူကြီးလူကောင်းနှင့်မျှမတူအောင် ယဉ်ကျေးသိမ်မွေ့ရကား ဗုဒ္ဓဘာသာဝင်များကို မဆိုထားဘိ၊ ဘာသာခြားတို့ကပင် လေးစားရလောက်အောင် ကျက်သရေကို ဆောင်နိုင်ပါသည်။**

## ဖိုးရေချမ်း

### မဂ္ဂင်လမ်းရှစ်သွယ်ကား

**(၁) သမ္မာဒိဋ္ဌိ-မှန်ကန်သောအမြင်(အယူ)**
**(၂) သမ္မာသင်္ကပ္ပ-မှန်ကန်သောတွေးတောမှု**
**(၃) သမ္မာဝါစာ-မှန်ကန်သောနှုတ်မှု(စကား)**
**(၄) သမ္မာကမ္မန္တ-မှန်ကန်သောကိုယ်မှု(အလုပ်)**
**(၅) သမ္မာအာဇီဝ-မှန်ကန်သောအသက်မွေးမှု**
**(၆) သမ္မာဝါယာမ-မှန်ကန်သောအားထုတ်မှု**
**(၇) သမ္မာသတိ-မှန်ကန်သောဆောင်မှု**
**(၈) သမ္မာသမာဓိ-မှန်ကန်သောတည်ငြိမ်မှုတို့ဖြစ်သည်။**

ဗုဒ္ဓသည် ဓမ္မစကြာတရားဦးဟောပြီး ငါးရက်အကြာတွင် အနတ္တလက္ခဏာသုတ်တော်ကို ဟောတော်မူ၏။ လူတို့သည် ရုပ်(ရူပ)ခန္ဓာ၊ ခံစားမှု(ဝေဒနာ)ခန္ဓာ၊ ပြုပြင်ဖန်တီးစီရင်မှု(သင်္ခါရ)ခန္ဓာ၊ မှတ်သားမှု(သညာ)ခန္ဓာ၊ သိမှု (ဝိညာဏ)ခန္ဓာ တည်းဟူသော ခန္ဓာငါးပါးဖြင့် ဖွဲ့စည်းထားရာ ယင်းခန္ဓာငါးပါးသည်လည်း တည်မြဲသော ခန္ဓာများ (အတ္တ)မဟုတ်၊ အားလုံးသည် မတည်မြဲ(အနတ္တချည်းဖြစ်)ကြောင်းဖြင့် ရှင်းမြွက်ညွှန်ပြကာ အနတ္တဝါဒကို ပီပြင်စွာ ထူထောင်တော်မူခဲ့သည်။

### ပိဋကတ်သုံးပုံ

ဗုဒ္ဓဟောမြွက်တော်မူခဲ့သော တရားအစုအပေါင်းကို တူရာပိုင်းခြားစုစည်းသည့်အခါ ထေရဝါဒဗုဒ္ဓဘာသာဝင်များ၏ လက်စွဲကျမ်းသုံးစောင်(ဝါ)ပိဋကတ်သုံးပုံဖြစ်လာလေသည်။ (၁)ဝိနယပိဋက(ဝိနည်းငါးကျမ်း)၊ (၂) သုတ္တန္တ ပိဋက(သုတ်သုံးကျမ်း)၊ (၃) အဘိဓမ္မာပိဋက(အဘိဓမ္မာခုနစ်ကျမ်း)တို့ဖြစ်သည်။

(၁) ဝိနယပိဋက-
- **(က) ဥဘတောဝိဘင်္ဂ (ရဟန်းများ လိုက်နာကျင့်သုံးရန် သိက္ခာပုဒ်များဖြစ်သည်။)**
- **(ခ) ခန္ဓက**
- **(ဂ) ပရိဝါ**

ဝိနယပိဋကကိုကဏ္ဍအားဖြင့် ငါးပိုင်းခွဲထားရာ-
- **(က) ပါရာဇိက ကဏ္ဍ(သာသနာမှဆုံးရှုံးစေသော အပြစ်ကို ပညတ်ခြင်း)**
- **(ခ) ပါစိတ္တိယ (ဝန်ခံခြင်းဖြင့် ပြေပျောက်နိုင်သော အပြစ်များကို ပညတ်ခြင်း)**
- **(ဂ) မဟာဝဂ္ဂ(ကျယ်ဝန်းသောသိက္ခာပုဒ်များ)**
- **(ဃ) စူဠဝဂ္ဂ(သေးငယ်သောသိက္ခာပုဒ်များ)**
- **(င) ပရိဝါရ(အခြေခံအရံဖြစ်သောကျမ်း)တို့ဖြစ်သည်။**

(၂) သုတ္တန္တပိဋက-
- **(က) သုတ်သီလက္ခန်(သူတော်ကောင်းအလေ့အကျင့် စသည်ကို ပြခြင်း)**
- **(ခ) သုတ်မဟာဝါ(မြင့်မြတ်သောတရားအစုကိုပြခြင်း)**
- **(ဂ) သုတ်ပါထေယျ (နိဗ္ဗာန်မျက်မှောက်ပြုကြောင်း အကျင့်တရားကိုပြခြင်း)**

(၃) အဘိဓမ္မာပိဋက-
- **(က) ဓမ္မသင်္ဂဏီ**
- **(ခ) ဝိဘင်္ဂ**
- **(ဂ) ဓာတုကထာ**
- **(ဃ) ပုဂ္ဂလပညတ္တိ**
- **(င) ကထာဝတ္ထု**
- **(စ) ယမက**
- **(ဆ) ပဋ္ဌာန**

ဗုဒ္ဓ၏ဒေသနာတော် တစ်ရပ်လုံးကို တရားအမျိုးအစားတူရာ အပေါင်းအစု(နိကာယ)နိကာယ်ဖွဲ့ခြင်းအားဖြင့် အောက်ပါအတိုင်း နိကာယ်ငါးရပ်ခွဲခြားပြသည်-
- **(က) ဒီဃနိကာယ်(ရှည်လျားသောသုတ်များ)**
- **(ခ) မဇ္ဈိမနိကာယ်(အလယ်အလတ်ဖြစ်သောသုတ်များ)**
- **(ဂ) သံယုတ္တနိကာယ်(အကြောင်းအရာများကို အစီအစဉ်ကျကျ ဖော်ပြထားသည်)**
- **(ဃ) အင်္ဂုတ္တနိကာယ်(၁-၂-၃ မှစ၍ ၁၁ ခုတိုင်အောင် အရေအတွက် သင်္ချာတူရာ တရားများကို တစ်ခုစီခွဲခြားပြခြင်း)**
- **(င) ခုဒ္ဒကနိကာယ် ခုဒ္ဒက=အတိုအထွာ၊ မျိုးစုံ၊ နိကာယပေါင်းစုခြင်း။ အတိုအထွာကျမ်းများကို စုပေါင်းထားခြင်း ဖြစ်သည်။**

**(၁)ခုဒ္ဒကပါဌ (၂)ဓမ္မပဒ(၃)**
**နိပါတ (၆) ဝိမာနဝတ္ထု (**
**(၉)ထေရီဂါထာ(၁၀)ဇာတ**
**မဂ်(၁၃)အပဒါန (ထေရအ**
**ဝံသ(၁၅)စရိယာပိဋက (**
**ကောပဒေသ (ပိဋကဥပဒေ**
**အဘိဓမ္မာခုနစ်ကျမ်းကို နိ**
**နိကာယ်စာရင်း၌ ထည့်သွ**

### သင်္ဂါယနာခြေ

ဗုဒ္ဓ၏တရားတော်(ပိဋကတ်တေ
ဗုဒ္ဓဟောတော်မူရင်းအတိုင်း အစဉ်တ
တင်ခဲ့ကြသည်။ ပထမ၊ ဒုတိယ၊ တ
အိန္ဒိယနိုင်ငံတွင် ကျင်းပခဲ့သည်။
(သီရိလင်္ကာ)နိုင်ငံ၌ တင်ခဲ့သည်။
နေပြည်တော်၌ မင်းတုန်းမင်းကြီးက သ
ဆဋ္ဌသင်္ဂါယနာတင်ပွဲကို ပြည်ထောင်
သာသနာ့ဒါယကာပြု၍ ရန်ကုန်မြို့ က
လိုဏ်ဂူတော်တွင် ကျင်းပခဲ့သည်။ ဗုဒ္ဓ
ခိုင်မြဲရေးတွင် မြန်မာနိုင်ငံ၏အခန်းက
ပါဝင်ခဲ့ပေသည်။

မှတ်သားရသမျှမှာ ပထမတကေ
အဘိရာဇာလက်ထက်တွင် မဇ္ဈိမဒေသ
ဆိုပါသည်။ ဒုတိယတကောင်းမင်းဆ
လက်ထက်၌ မဇ္ဈိမတွင် ပွင့်ထွန်းေ
မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သည်ဟု ဆိုပ
လက်ထက် ရဟန်းတော်မြတ် ရှင်အ
ဗုဒ္ဓပိဋကတ် သုံးပုံရောက်ရှိကာ ထေရဝါ
ထွန်းတောက်ခဲ့ပါသည်။

### ဘုရားဥပဒေ

**မြတ်ဗုဒ္ဓသက်တော် ထင်ရှားရှိစ**
**ရမည့် သိက္ခာပုဒ်များ ပညတ်တော်မူခဲ့သ**
**ရဟန်းသံဃာအချို့၏ပြုမှား၊ လုပ်မှား**
**သာဝကတပည့်ကြီး အရှင်သာရိပုတ္တ**
**တည်ရန် သိက္ခာပုဒ်ပညတ်တော်မူရန်**
**သည်။ မြတ်စွာဘုရားက "သာရိပုတ္တရ**
**ပညတ်ခြင်း၌ သင့်တော်သော အချိန်အ**
**သိတော်မူသည်၊သာရိပုတ္တရာ သံဃာတေ**
**သမျှ မြတ်စွာဘုရားသည် သိက္ခာပုဒ်ပ**
**ဟု မိန့်ကြားသည်။ ရဟန်းတစ်ပါး၏အ**
**ပြစ်မှု ကျူးလွန်ခြင်းရှိမှ မြတ်စွာဘုရား**
**တို့ ထိုသို့ မပြုသင့်၊ ဤသိက္ခာပုဒ်က**
**ပညတ်ခဲ့သည်။ ဗုဒ္ဓ၏ပညတ်ချက်များ**
**ရမည့်သိက္ခာပုဒ်များကို ဝိနည်းတော်(ဝိ**
**ဟု သိမှတ်ကြသည်။**

အမရပူရ မဟာဂန္ဓာရုံကျောင်းေ
ဘိဝံသဘာသာပြန်ဆိုရေးသားသော
သာသနာတော်သုံးရပ်ကို ဤသို့ ရှင်း

**"သာသနာဟူသော စကား၌ ဘ**
**အဓိပ္ပာယ်ရ၏။ ထိုအဆုံးအမဩဝါဒ**
**ပရိယတ်ဟုခေါ်သော ပိဋကတရားတေ**
**တော်၌ ညွှန်ပြသည့်အတိုင်း ကျင့်ခြ**
**ရအောင်သမထ ကမ္မဋ္ဌာန်း အားထု**
**လည်းကောင်း၊ ထိုအကျင့်ဖြင့် ထိုးထွင်း**
**ပဋိဝေဓသာသနာဟုလည်းကောင်းခေါ်**
**ပညာ၊ သိက္ခာသုံးပါးသည် အကျင့်တ**
**သာသနာ၌လည်းကောင်း၊ မဂ်ပညာ၊ဖိုလ်**
**၌လည်းကောင်း ပါဝင်ကြတော့၏။**
**ခေါ်အပ်သော တရားတော်များသည် သီ**
**မြတ်သောအကျင့် သာသနာ၏လည**
**သာသနာတော်နှစ်ရပ်၏လည်းကောင်**
**မှန်၏။ ကျင့်နည်းကြံနည်း ညွှန်ပြသေ**
**အောင်မကျင့်နိုင်၊ မှန်ကန်အောင် မ**
**ကြတော့မည် ထိုအကျင့်မှားဖြင့်ကား မ**
**ရနိုင်ကြမည် မဟုတ်ချေ"**

**"သိက္ခာသုံးပါးတွင်သီလသည်အ**
**လည်း သီလသိက္ခာ စင်ကြယ်သူသာ**
**တွေ့ရ၏။ သမာဓိရှိသူမှလည်း ထိုး**
**ရနိုင်၏။ (သမာဟိတောယထာ ဘူ**
**ဟုတ်တိုင်းမှန်စွာသိနိုင်၏။) ပရိယတ်**
**တရားတော်သည် ရဟန်းတော်များ၏**
**ညွှန်ပြသော တရားတော်ဖြစ်၏။ ထို**
**သည် သာသနာပကာလ၌မရှိနိုင်။ မှန်**
**ရှစ်ပါး၊ ဆယ်ပါးစသော ကိုယ်ကျင့်သီ**

**(၁)ခုဒ္ဒကပါဠ (၂)မဓမ္မပဒ(၃)ဥဒါန (၄)ဣတိဝုတ္တက (၅)သုတ္တနိပါတ (၆) ဝိမာနဝတ္ထု (၇)ပေတဝတ္ထု (၈)ထေရဂါထာ (၉)ထေရီဂါထာ(၁၀)ဇာတက(၁၁)နိဒ္ဒေသ(၁၂) ပဋိသမ္ဘိဒါမဂ်(၁၃)အပဒါန (ထေရအပဒါန်ထေရီအပါဒါန်) (၁၄)ဗုဒ္ဓဝံသ(၁၅)စရိယာပိဋက (၁၆)နေတ္တိပါဠိတော် (၁၇)ပေဋကောပဒေသ (ပိဋကဥပဒေ)၊ ၎င်းအပြင် ဝိနည်းငါးကျမ်းနှင့် အဘိဓမ္မာခုနစ်ကျမ်းကို နိကာယအရေအတွက်တွင် ခုဒ္ဒကနိကာယ်စာရင်း၌ ထည့်သွင်းထားသည်။**

## သင်္ဂါယနာခြောက်တန်

ဗုဒ္ဓ၏တရားတော်(ပိဋကတ်တော်)များကို အယွင်းအမှားကင်း၍ ဗုဒ္ဓဟောတော်မူရင်းအတိုင်း အစဉ်တည်စေရန် သင်္ဂါယနာခြောက်တန် တင်ခဲ့ကြသည်။ ပထမ၊ ဒုတိယ၊ တတိယ သင်္ဂါယနာတင်ပွဲများကို အိန္ဒိယနိုင်ငံတွင် ကျင်းပခဲ့သည်။ စတုတ္ထသင်္ဂါယနာကို သီဟိုဠ် (သီရိလင်္ကာ)နိုင်ငံ၌ တင်ခဲ့သည်။ ပဉ္စမသင်္ဂါယနာကို ရတနာပုံနေပြည်တော်၌ မင်းတုန်းမင်းကြီးက သာသနာ့ဒါယကာပြု၍ တင်ခဲ့သည်။ ဆဋ္ဌသင်္ဂါယနာတင်ပွဲကို ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရက သာသနာ့ဒါယကာပြု၍ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်တွင် ကျင်းပခဲ့သည်။ ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ခိုင်မြဲရေးတွင် မြန်မာနိုင်ငံ၏အခန်းကဏ္ဍသည် ကြီးမားကျယ်ပြန့်စွာ ပါဝင်ခဲ့ပေသည်။

မှတ်သားရသမျှမှာ ပထမတကောင်းမင်းဆက် ထူထောင်သည့် အဘိရာဇာလက်ထက်တွင် မဇ္ဈိမဒေသ၌ ဗုဒ္ဓပွင့်ထွန်းတော် မမူသေးဟု ဆိုပါသည်။ ဒုတိယတကောင်းမင်းဆက် ထူထောင်သော ဓမ္မရာဇာလက်ထက်၌ မဇ္ဈိမတွင် ပွင့်ထွန်းတော်မူသော ဗုဒ္ဓသာသနာတော် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သည်ဟု ဆိုပါသည်။ ပုဂံအနော်ရထာမင်းစောလက်ထက် ရဟန်းတော်မြတ် ရှင်အရဟံ၏ ညွှန်ပြမှုဖြင့် ပုဂံတွင် ဗုဒ္ဓပိဋကတ် သုံးပုံရောက်ရှိကာ ထေရဝါဒဗုဒ္ဓသာသနာတော် အမြစ်တွယ် ထွန်းတောက်ခဲ့ပါသည်။

## ဘုရားဥပဒေတော်ကြီး

**မြတ်ဗုဒ္ဓသက်တော် ထင်ရှားရှိစဉ်က ရဟန်းတို့ လိုက်နာကျင့်ကြံရမည့် သိက္ခာပုဒ်များ ပညတ်တော်မူခဲ့သည်။ ဘုရားရှင်လက်ထက်မှာပင် ရဟန်းသံဃာအချို့၏ပြုမှား၊ လုပ်မှားသော အပြစ်များရှိလာ၍ ဗုဒ္ဓ၏ သာဝကတပည့်ကြီး အရှင်သာရိပုတ္တရာက သာသနာတော် တာရှည်တည်ရန် သိက္ခာပုဒ်ပညတ်တော်မူရန်အချိန်တန်ပါပြီဟု လျှောက်ထားသည်။ မြတ်စွာဘုရားက "သာရိပုတ္တရာ စောင့်ဆိုင်းဦးလော့၊ သိက္ခာပုဒ်ပညတ်ခြင်း၌ သင့်တော်သော အချိန်အခါကို ငါဘုရားကိုယ်တော်တိုင် သိတော်မူသည်၊ သာရိပုတ္တရာ သံဃာတော်မှာ ကျူးလွန်မှုအပြစ်မပေါ်သေးသမျှ မြတ်စွာဘုရားသည် သိက္ခာပုဒ်ပညတ်တော်မူလိမ့်ဦးမည်မဟုတ်" ဟု မိန့်ကြားသည်။ ရဟန်းတစ်ပါး၏အပြု၊ အပြောအမှားတစ်စုံတစ်ရာ ပြစ်မှု ကျူးလွန်ခြင်းရှိမှ မြတ်စွာဘုရားက စစ်မေးကာ နောင်ခါရဟန်းတို့ ထိုသို့ မပြုသင့်၊ ဤသိက္ခာပုဒ်ကို စောင့်ထိန်းကြဟု မိန့်ကြားပညတ်ခဲ့သည်။ ဗုဒ္ဓ၏ပညတ်ချက်များ၊ ရဟန်းတို့ စောင့်ထိန်းလိုက်နာရမည့်သိက္ခာပုဒ်များကို ဝိနည်းတော်(ဝိနယ)(ဝါ) ဘုရားဥပဒေတော်ကြီးဟု သိမှတ်ကြသည်။**

အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက် ဆရာတော် အရှင်ဇနကာဘိဝံသဘာသာသာပြန်ဆိုရေးသားသော ဘုရားဥပဒေတော်ကြီးစာအုပ်၌ သာသနာတော်သုံးရပ်ကို ဤသို့ ရှင်းလင်းပြဆိုသည်။

**"သာသနာဟူသော စကား၌ ဘုရား၏ အဆုံးအမ ဩဝါဒဟု အဓိပ္ပာယ်ရ၏။ ထိုအဆုံးအမဩဝါဒ ဟူသည် အရင်းအမြစ်အားဖြင့် ပရိယတ်ဟုခေါ်သော ပိဋကတရားတော်များတည်း။ ထိုပရိယတ်တရားတော်၌ ညွှန်ပြသည့်အတိုင်း ကျင့်ခြင်းကို သီလကျင့်ခြင်း၊ သမာဓိရအောင်သမထ ကမ္မဋ္ဌာန်း အားထုတ်ခြင်းကို ပဋိပတ္တိသာသနာဟုလည်းကောင်း၊ ထိုအကျင့်ဖြင့် ထိုးထွင်း၍ သိအပ်သော မဂ်ဖိုလ်နိဗ္ဗာန်ကို ပဋိဝေဓသာသနာဟုလည်းကောင်းခေါ်၏။ ပြခဲ့သောသီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးပါးသည် အကျင့်တရားများဖြစ်သောကြောင့် ပဋိပတ္တိသာသနာ၌လည်းကောင်း၊ မဂ်ပညာ၊ဖိုလ်ပညာဖြစ်လျှင် ပဋိဝေဓသာသနာ၌လည်းကောင်း ပါဝင်ကြတော့၏။ ဤစကားစဉ်အရ ပရိယတ်ဟုခေါ်အပ်သော တရားတော်များသည် သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးရပ်မြတ်သောအကျင့် သာသနာ၏လည်းကောင်း၊ ပဋိပတ်-ပဋိဝေဓသာသနာတော်နှစ်ရပ်၏လည်းကောင်း အခြေခံဖြစ်ကြောင်း သိနိုင်ပြီ။ မှန်၏။ ကျင့်နည်းကြံနည်း ညွှန်ပြသော တရားတော်မရှိလျှင် မှန်ကန်အောင်မကျင့်နိုင်၊ မှန်ကန်အောင် မကျင့်နိုင်လျှင် အမှားကို ကျင့်မိကြတော့မည် ထိုအကျင့်မှားဖြင့်ကား မည်သည့်ထူးခြားသော တရားကိုမျှ ရနိုင်ကြမည် မဟုတ်ချေ"**

**"သိက္ခာသုံးပါးတွင်သီလသည်အရင်းခံဖြစ်၏။ လက်တွေ့အားဖြင့်လည်း သီလသိက္ခာ စင်ကြယ်သူသာ မှန်ကန်သော သမာဓိရှိသည်ကို တွေ့ရ၏။ သမာဓိရှိသူမှလည်း ထိုးထွင်းသော အသိဉာဏ်ပညာကို ရနိုင်၏။ (သမာဟိတောယထာ ဘူတံဇာနာတိ-တည်ကြည်သူသည် ဟုတ်တိုင်းမှန်စွာသိနိုင်၏။) ပရိယတ်တရားတော်တွင်လည်း ဝိနည်းတရားတော်သည် ရဟန်းတော်များ၏ သီလသိက္ခာကို အပြည့်အစုံ ညွှန်ပြသော တရားတော်ဖြစ်၏။ ထိုမျှလောက်ကြီးကျယ်သောသီလသည် သာသနာပကာလ၌မရှိနိုင်။ မှန်၏။ သာသနာပကာလ၌ ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါးစသော ကိုယ်ကျင့်သီလများရှိနိုင်သော်လည်း သာသနာတွင်း၌ကဲ့သို့ ကုဋေကိုးထောင်ကျော်သီလမျိုးကား ကြားမျှမကြားရချေ။ ထိုသီလတော်များသည် သာသနာ့ဝန်ထမ်း ရဟန်းတော်များအတွက် ဘုရားရှင်ပညတ်ထားသော ဥပဒေတော်ကြီးလည်းဖြစ်၏။ ထိုဥပဒေတော်အရ စောင့်စည်းနေထိုင်သော ရဟန်းတော်များသည် ကိုယ်အမူအရာအားဖြင့်လည်းကောင်း၊ နှုတ်အပြောအဆိုအားဖြင့် လည်းကောင်း မည်သည့် လူကြီးလူကောင်းနှင့်မျှမတူအောင် ယဉ်ကျေးသိမ်မွေ့ရကား ဗုဒ္ဓဘာသာဝင်များကို မဆိုထားဘိ၊ ဘာသာခြားတို့ကပင် လေးစားရလောက်အောင် ကျက်သရေကိုဆောင်နိုင်ပါသည်"**

ဝိနယပိဋက(ဝါ)မြတ်စွာဘုရား၏ ဥပဒေတော်ကြီး၏ အဓိကကျမှုကို မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး ရှင်ဇနကာဘိဝံသက အထက်ပါအတိုင်း ပြဆိုထားသည်ကို အထူးမှတ်သားသင့်ပေသည်။ ဆရာတော်၊ သံဃာတော်ကြီးများ၏ ဩဝါဒဓမ္မစာပေများ၏ ညွှန်ပြမှုများ၌ "ဝိနယောနာမသာသနဿအာယု"ဟူ၍ ပါဠိဖြင့် တွေ့ရပါသည်။ မြန်မာပြန်အနက်ကား "ဝိနည်းသည် သာသနာ့အသက်ဖြစ်သည်" ဟူ၍ ဖြစ်ပါသည်။

**"ဝိနယေဋ္ဌိတေသာသနံဋ္ဌိတံ"ဝိနည်းကို လက်တွေ့ ကျင့်သုံးသောအားဖြင့် လဇ္ဇီပုဂ္ဂိုလ်ထံမှာ တည်ပါမှ ဝိနည်းတည်သည်ဟု အဓိပ္ပာယ်ရပါသည်။ (လဇ္ဇီဟူသည် သီလသိက္ခာပျက်ရမည်ကို ရှက်သောပုဂ္ဂိုလ်ဖြစ်သည်။ သီလစောင့်ထိန်း၍ သိက္ခာမြဲသော ပုဂ္ဂိုလ်ဖြစ်ပါသည်။ လဇ္ဇီ၏ ဆန့်ကျင်ဘက်ကား အလဇ္ဇီ-သီလမစောင့်ထိန်းသူ ဖြစ်ပါသည်။) ဝိနည်းကို သင်အံ လေ့ကျက်ပို့ချဆောင်ထားသော လဇ္ဇီပုဂ္ဂိုလ်သည် "ဒွိသုပနပိဋကေသု အန္တရဟိတေသုပိဝိနယေ ပိဋကေဋ္ဌိတေသာသနံ တိဋ္ဌတိ" ဟူ၍ သမ္မောဟဝိနောဒနီအဋ္ဌကထာဉာဏဝိဘင်း၌ လာရှိသည်နှင့်အညီ သုတ္တန် ပိဋက၊ အဘိဓမ္မာပိဋက နှစ်ပါးတို့ ပျောက်ကွယ်သွားသော်လည်း ဝိနည်းပိဋကတည်ရှိနေသေးလျှင် သာသနာတော်တည်၏ဟု ပြဆိုသည့်အတိုင်း မြတ်ဗုဒ္ဓ၏ သာသနာတော်ကို မကွယ်မပျောက်အောင် လဇ္ဇီပုဂ္ဂိုလ်တို့က စောင့်ရှောက်နေပေမည်။ ဝိနည်းတော်ကို ဦးထိပ်ပန်ဆင်လိုက်နာစောင့်ထိန်းနေပေသည်။**

**အလဇ္ဇီပုဂ္ဂိုလ်သည် ဝိနည်းတတ်သော်လည်း မကျင့်သောကြောင့် သာသနာတော် မတည်မြဲနိုင်ပါ။ လဇ္ဇီပုဂ္ဂိုလ်ပင်ဖြစ်သော်လည်း ဝိနည်းမတတ်သော် သာသနာတော်မတည်နိုင်ပါ။ အလဇ္ဇီရဟန်းတို့အား ပစ္စည်းထောက်ပံ့ ချီးမြှင့်ကုန်သော ဒါယကာတို့သည်လည်း အလဇ္ဇီပက္ခဟဖြစ်ခဲ့လျှင် အပြစ်ကြီးပေသည်။ သာသနာဖျက်သူလည်းဖြစ်၏။ ဆရာဒကာနှစ်ဦး အကျိုးနည်းလေပြီဟု သီလဝိသောခနီကျမ်း၌ ဆိုကြောင်း မှတ်သားရပါသည်။** "အနာဂတေ သာသနံလဇ္ဇီရက္ခိဿတိ လဇ္ဇီရက္ခိဿတိ လဇ္ဇီရက္ခိဿတိ" ဟူ၍ ပါရာဇိကဏ်အဋ္ဌကထာဒေသနာတော်အရ "အနာဂတ်ကာလ၌ သာသနာတော်ကို လဇ္ဇီပုဂ္ဂိုလ်စောင့်ရှောက်ရစ်လိမ့်မည်"ဟု နားလည်မှတ်သားရပါသည်။

၂၅-၉-၂၀၀၇ရက်နေ့ထုတ်ကြေးမုံသတင်းစာ စာမျက်နှာ(၇)တွင် ရွှေကျင်နိကာယသံဃာဘာရနိတ္ထာရက သာသနာပြု ရွှေကျင်နိကာယဥပဥက္ကဋ္ဌမဟာနာယက တွဲဖက်ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်ဩဝါဒါစရိယ ကြခတ်ဝိုင်းဝံသာဓိပတိ အဂ္ဂမဟာဝိနာယက ကြခတ်ဝိုင်းဆရာတော်(ပဲခူးမြို့)က ၂၄-၉-၂၀၀၇ရက်နေ့စွဲဖြင့် တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံသို့ ရေးပို့သော တိုင်စာကို စိတ်မကောင်းစွာ ဖတ်ရပါသည်။ ကြခတ်ဝိုင်းဆရာတော်ကြီး ဘဒ္ဒန္တ ဇောတိပါလ၏ တိုင်စာတွင်-

**"ဆရာတော် စာရေးတိုင်ကြားပါသည်။**

**အကြောင်းမှာ ယနေ့ နေ့၂နာရီခွဲခန့်အချိန်တွင် ဆန္ဒပြသံဃာတော်များမှ ဆရာတော်၏ ကျောင်းတိုက် အရှေ့ဘက်လမ်း အနီးကပ်လျက်ရှိသော ကျောင်းဆောင်များကိုရေသန့်ဘူးများဖြင့် ပစ်ပေါက်-မှန်ပြတင်းပေါက်များ ပျက်စီးသွားပါသည်။**

**ထို့ကြောင့် ၎င်းဆန္ဒပြရေသန့်ဘူးများဖြင့် ပစ်ပေါက်ဖျက်ဆီးသွားကြသော သံဃာများနှင့် လူပုဂ္ဂိုလ်များအား အရေးယူပေးရန် ဆရာတော် တိုင်ကြားပါသည်။**

**မှတ်ချက်။ ။ ငွေတစ်မတ်၊ တစ်မတ်ထက် ထိုက်တန်သော ပစ္စည်းကို ခိုးယူ၊ လုယက်၊ ဖျက်ဆီးလျှင် ပါရာဇိကကျပြီး ရဟန်းမဖြစ်၊ ရဟန်းအစစ် မဟုတ်တော့ဘဲ လူ့ဘဝ- လူ့အဖြစ်သို့ ရောက်ရှိသွားပြီဖြစ်ပါသည်။ အဖွဲ့ဝင်တစ်ဦးမှ ဖျက်ဆီးလျှင် တစ်ဖွဲ့လုံး ပါရာဇိကကျကြောင်းဟု မှတ်ရန်- တိုင်ချက် ၂စောင် ပူးတွဲတင်ပြပါသည်။ ယခု ပျက်စီးမှုများကို လူလွှတ်ကြည့်ခိုင်းနိုင်ပါသည်။" ဟု ဖော်ပြထားပါသည်။ ဆရာတော်၏ တိုင်စာနှင့်ပူးတွဲကာ ကြခတ်ဝိုင်းကျောင်းတိုက် ဒက္ခိဏ အဆောင်၊ ဥတ္တရဆောင်တို့မှ အဆောင်များပျက်စီးရပုံကို တာဝန်ရှိ သံဃာတော်များက ဆရာတော်ထံ တိုင်ကြားချက်နှစ်စောင် တင်ပြထားပါသည်။**

မင်းကိုနိုင်နှင့် ၈၈ မျိုးဆက် ကျောင်းသားအမည်ခံအုပ်စုဆိုသည့် နယ်ချဲ့ဩဇာခံ ဆူပူရေးသမားများကို သက်ဆိုင်ရာက ဥပဒေအရ အရေးယူလိုက်ရချိန်၊ ပြည်ပကြိုးကိုင်မှုဖြင့် ဆန္ဒပြလာသော သံဃာများ၏ စီတန်းလမ်းလျှောက်ပွဲများ ပေါ်ပေါက်လာပါသည်။ အစပိုင်း၌ စက်သုံးဆီဈေးမြှင့်မှု၊ ကုန်ဈေးနှုန်းကြီးမြင့်မှုဒဏ်ခံ ပြည်သူ ဒကာ၊ ဒကာမများအတွက် သံဃာအချို့လမ်း ပေါ်ထွက်ကာ မေတ္တာသုတ်ရွတ်ဖတ်ခဲ့ပါသည်။ ရက်အနည်းငယ်အတွင်း ဘေးကရပ်ပြီး အားပေးသလိုလုပ်နေသော NLD များနှင့် ဝေလေလေများ သံဃာများ

**ပထမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ပဲခူးမြို့မဆရာတော်ကြီး၊ ပထမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု မင်းကွန်းတိပိဋကဓရဆရာတော်ကြီး အစရှိသော ဆရာတော်ကြီးများ ထုတ်ပြန်ခဲ့သော ညွှန်ကြားလွှာ အမှတ်(၈၁)၊ (၈၃)၊ (၈၅)နှင့် (၆၅)တို့တွင်လည်းကောင်း၊ ၂၄-၉-၂၀၀၇ရက်နေ့တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ၏ ဩဝါဒမိန့်ခွန်းတွင်လည်းကောင်း၊ ဂန္ထဓုရ၊ ဝိပဿနာဓုရနှစ်ဖြာတွင် မပါဝင်သော လောကီလူမှုကိစ္စများ၌ ပါဝင်စွက်ဖက်ဆောင်ရွက်ခြင်းမပြုကြရန်၊ တရားမဝင်သံဃာအဖွဲ့များကိုဖွဲ့စည်းခြင်း၊ ပါဝင်ခြင်း၊ အားပေးထောက်ခံခြင်းမှ ရှောင်ကြဉ်ကြရန်၊ ပါတီနိုင်ငံရေးများ၌ ရဟန်းသံဃာများ ပါဝင်ဆောင်ရွက်ခြင်းမပြုရန် တားမြစ်ညွှန်ကြားချက်များကို သံဃာတိုင်း လိုက်နာကြပါမှ မြန်မာနိုင်ငံ၏ ထေရဝါဒ ဗုဒ္ဓသာသနာတော်သည် အစွန့်ရှည်တည်တံ့ထွန်းတောက်မည်ဟု ပြည်သူဒါယကာ၊ ဒါယိကာမများက ယုံကြည်လျက်ရှိနေကြပါသည်။**

နောက်မှကပ်ပြီး လိုက်ပါ ဆန္ဒပြလာကြသည်။ နိုင်ငံရေး ကြွေးကြော်သံများ အော်ဟစ်လာကြသည်။ မူလတောင်းဆိုချက် ကုန်ဈေးနှုန်းကျဆင်းရေးကို ကြွေးကြော်နေရာမှ ဒေါ်စုကြည်လွှတ်ပေး၊ နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေး၊ တွေ့ဆုံဆွေးနွေး စသည့် NLD ပြည်ပြေးများနှင့် ကိုလိုနီလက်သစ်ဝါဒီတို့ တစ်လျှောက်လုံး အော်ဟစ်လာသော နိုင်ငံရေးတောင်းဆိုချက်များကို သံယောင်လိုက် အော်လာကြသည်။

ဆန္ဒပြသံဃာဆိုသူအချို့၏ ပခုက္ကူမှုကားလေးစီး မီးရှို့မှု၊ ရပ်ကွက်အတွင်းမှ အိမ်၊ စတိုးဆိုင်တို့ကို မီးရှို့ဖျက်ဆီးမှု၊ ရပ်ကွက်များတွင် ဆန္ဒပြစရိတ် သောင်းသိန်းချီပြီး သံဃာအချို့က ဆက်ကြေးသဖွယ် ခြိမ်းခြောက်တောင်းဆိုမှု၊ လုံခြုံရေးတပ်သားများကို ခဲဖြင့်ပစ်ပေါက်မှု၊ ပြည်ပနယ်ချဲ့အသံလွှင့်ဌာနများနှင့် တွေ့ဆုံဆက်သွယ်ကာ မုသားပြောဆိုမှု၊ ပဲခူးကြခတ်ဝိုင်းကျောင်းတိုက်မှ သံဃာများဆန္ဒပြပွဲတွင် မပါရကောင်းလားဟုဆိုကာ ကျောင်းဆောင်များကို ရေသန့်ဘူးများဖြင့် ပစ်ပေါက်မှုစသည့် ရဟန်းသံဃာတို့ (ဝိနည်းတော်အရ) မလုပ်သင့်သော အလုပ်များ လုပ်လာကြသည်ကို တွေ့မြင်သိရှိလာရပေသည်။

**အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက် ဆရာတော်ဘုရားကြီး အရှင်ဇနကာဘိဝံသ ဘာသာပြန်ဆိုရေးသားသော ဘုရားဥပဒေတော်ကြီး စာအုပ်မှ ဝိနည်းသိက္ခာပုဒ်ချိုးဖောက်၍ ပါရာဇိကကျသော သံဃာ့မှုခင်းများအနက် အဒိန္နာဒါန ပါရာဇိကအပိုင်းမှ စာပိုဒ်အချို့ကောက်နုတ်တင်ပြပါမည်။ ကြခတ်ဝိုင်းဆရာတော်ကြီး၏ တိုင်စာပါ တစ်မတ်၊ တစ်မတ်တန်ကစ၍ ခိုးသော၊ လုယက်ဖျက်ဆီးသောကိစ္စနှင့် ပါရာဇိက ကျသောစာပိုဒ်များကို ရွေးထုတ်လေ့လာကြည့်မိပါသည်။**

**ဆဗ္ဗဂ္ဂီရဟန်းများ၏ ခဝါထုပ်ကြီး ခိုးမှုတွင် "အကြင် ရဟန်းသည် ရွာမှဖြစ်စေ၊ တောမှဖြစ်စေ ဥစ္စာရှင်တို့သည် မပေးအပ်သော လူ့ဥစ္စာကို ခိုးလိုသောစိတ်ဖြင့် ယူအံ့၊ အနည်းဆုံးအားဖြင့် တစ်မတ်၊ တစ်မတ်တန်လောက် ဥစ္စာကိုခိုးလျှင် အစိုးရမင်းတို့က ခိုးသူကိုဖမ်း၍ နှိပ်စက်ညှဉ်းဆဲမှု၊ ချုပ်နှောင်မှု၊ နှင်ထုတ်မှုတစ်ခုခုကို ပြုကြစရာ ရှိ၏။ ဟဲ့ သူခိုး၊ ဟဲ့ လူမိုက်၊ ဟဲ့ လူဖျင်း၊ ဟဲ့ သူဝှက်" ဟု ဆဲဆိုကြိမ်းမောင်းမှုလည်း ကြိမ်းမောင်းကြရာရှိ၏။ ထိုတစ်မတ် တစ်မတ်တန်ကစ၍ ခိုးသောရဟန်းလည်း ပါရာဇိကကျ၍ ရဟန်းကောင်းတို့နှင့် ပေါင်းသင်းခွင့် မရှိတော့ချေ။"**

စာမျက်နှာ ၁၂၊ ၁၃ မှ

**"တစ်မတ်-တစ်မတ်တန်ဥစ္စာကို "ဂရု=ကြီးလေးသော+ပရိက္ခရာ=ပစ္စည်းအသုံးအဆောင်"ဟု ခေါ်၏။ ထိုဂရုပရိက္ခရာကိုယူလျှင် ပါရာဇိကကျသည်။ တစ်ပဲတန်အထက် တစ်မတ်တန်အောက်ယူလျှင် ထုလ္လစ္စဉ်းအာပတ်၊ တစ်ပဲနှင့်တစ်ပဲတန်အောက်ယူလျှင် ဒုက္ကဋ်အာပတ်သင့်၏။"**

စာမျက်နှာ ၁၃

**သံဃဘေဒကသိက္ခာပုဒ်များ၌ ဒေဝဒတ်က ဘုရားရှင်၏ တပည့်သံဃာများကွဲပြားရန်၊ အာဏာစက်ပျက်ပြားရန် သွေးခွဲမှုများ ပြုလုပ်ခဲ့သဖြင့် ထိုသွေးခွဲမှုသည် သံဃာဒိသေသ်အာပတ်သင့်သည်ဟု ဝိနယပိဋကတ်၌ တွေ့ရပါသည်။**

ပထမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ပဲခူးမြို့မဆရာတော်ကြီး၊ **ပထမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု မင်းကွန်းတိပိဋကဓရဆရာတော်ကြီး အစရှိသော ဆရာတော်ကြီးများ ထုတ်ပြန်ခဲ့သော ညွှန်ကြားလွှာ အမှတ်(၈၁)၊ (၈၃)၊ (၈၅)နှင့် (၆၅)တို့တွင်လည်းကောင်း၊ ၂၄-၉-၂၀၀၇ရက်နေ့တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ၏ ဩဝါဒမိန့်ခွန်းတွင်လည်းကောင်း၊ ဂန္ထဓုရ၊ ဝိပဿနာဓုရနှစ်ဖြာတွင် မပါဝင်သော လောကီလူမှုကိစ္စများ၌ ပါဝင်စွက်ဖက်ဆောင်ရွက်ခြင်းမပြုကြရန်၊ တရားမဝင်သံဃာအဖွဲ့များကိုဖွဲ့စည်းခြင်း၊ ပါဝင်ခြင်း၊ အားပေးထောက်ခံခြင်းမှ ရှောင်ကြဉ်ကြရန်၊ ပါတီနိုင်ငံရေးများ၌ ရဟန်းသံဃာများ ပါဝင်ဆောင်ရွက်ခြင်းမပြုရန် တားမြစ်ညွှန်ကြားချက်များကို သံဃာတိုင်း လိုက်နာကြပါမှ မြန်မာနိုင်ငံ၏ ထေရဝါဒ ဗုဒ္ဓသာသနာတော်သည် အစွန့်ရှည်တည်တံ့ထွန်းတောက်မည်ဟု ပြည်သူဒါယကာ၊ ဒါယိကာမများက ယုံကြည်လျက်ရှိနေကြပါသည်။**

သာသနာတော်တာဝန်ထမ်းဆောင်နေသော ရဟန်းသံဃာများကို မိမိတို့ နိုင်ငံရေးအကျိုးအမြတ်အတွက် မည်သူတွေ အသုံးပြုကြသနည်း။ ဤမေးခွန်း၏အဖြေကို ဆက်လက်တင်ပြပါဦးမည်။ ။

# နေ့စဉ်တိုးတက်နေသောပြည်သူပြည်သားများအတွက်စားနပ်ရိက္ခာတိုးတက်ထုတ်လုပ်သား၊ ငါး၊ သစ်တောကဏ္ဍများနှင့် သဘာဝပတ်ဝန်းကျင်တည်တံ့ရေး ဆောင်ရွက်လျက်ရှိ ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် မီးထွန်းပွဲတော် နေပြည်တော်၌ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၃

**၂၀၀၇ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ ဆောင်ပုဒ်ဖြစ်သည့် "စားနပ်ရိက္ခာဖူလုံဖို့ ဝိုင်းဝန်းကြိုးပမ်း ထုတ်လုပ်စို့"** (The Right To Food)**နှင့်အညီ ကမ္ဘာ့စားနပ်ရိက္ခာဖူလုံမှုတိုးမြှင့်ရေး၊ ကမ္ဘာ့ငတ်မွတ်ခေါင်းပါးမှု တိုက်ဖျက်ရေးနှင့် ပတ်သက်၍ ပြည်သူများသိရှိနားလည်စေရေးအတွက် ကမ္ဘာတစ်ဝန်း ဖယောင်းတိုင်မီးထွန်းပွဲတော်** (World Wide Candlelight Vigil On The Right To Food)**ကို ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့**(FAO) **အဖွဲ့ဝင်နိုင်ငံများအားလုံး၌ တစ်ပြိုင်နက်ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ နေပြည်တော် မြို့တော်ခန်းမ လဟာပြင်ကဇာတ်ရုံ၌ အောက်တိုဘာ ၂၃ ရက် ညနေ ၅ နာရီခွဲတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။**






**၂၀၀၇ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် တစ်ကမ္ဘာလုံးဆိုင်ရာ ဖယောင်းတိုင်မီးထွန်းပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)

မီးထွန်းပွဲတော် အခမ်းအနားသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် Mr. Tang Zheng Ping နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများ၊ နေပြည်တော် ပျဉ်းမနားခရိုင်နှင့်မြို့နယ်များမှ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်နယ်နှင့် တိုင်းအသီးသီးမှ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင် တိုင်းရင်းသားကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အင်္ဂလိပ်–မြန်မာ နှစ်ဘာသာဖြင့် ၂၀၀၇ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် တစ်ကမ္ဘာလုံးဆိုင်ရာ မီးထွန်းပွဲတော် အခမ်းအနား စတင်ဖွင့်လှစ်ကြောင်း ကြေညာသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ညနေခင်းသည် ကမ္ဘာတစ်ဝန်းတွင် စားနပ်ရိက္ခာဖူလုံပြီး ငတ်မွတ်မှုပပျောက်ရေး ကြိုးပမ်းမှုအတွက် လူထုလူတန်းစားအသီးသီးမှ သတိပြုပါဝင်လာကြစေရန် ရည်ရွယ်ပြီး ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကြီးက ဦးဆောင်စည်းရုံး ဆောင်ရွက်လိုက်သည့် ကမ္ဘာနှင့်အဝန်း မိမိတို့ဒေသစံတော်ချိန်များအလိုက် မီးထွန်းပွဲကျင်းပရမည့်အချိန်ဖြစ်ကြောင်း။

ကမ္ဘာကြီးတွင် မှီတင်းနေထိုင်ကြသော လူသားများအတွက် စားနပ်ရိက္ခာစားသုံးပိုင်ခွင့်သည် ရထိုက်သော အခြေခံအခွင့်အရေးတစ်ရပ်ဖြစ်ကြောင်း။ ကျားမ မရွေး၊ အသက်အရွယ်မရွေး၊ ဆင်းရဲချမ်းသာမရွေး၊ နေရာဒေသမရွေး နေ့စဉ်စားသုံးရန် စားနပ်ရိက္ခာ ရရှိရေး ရရှိသည့် အစားအစာများ အန္တရာယ်ကင်းရှင်းရေး၊ မိမိတို့ရိုးရာ ယဉ်ကျေးမှုနှင့် လိုက်လျောညီထွေဖြစ်ရေးတို့သည် လူသားတိုင်း၏ ဘဝရှင်သန်ရပ်တည်မှုအတွက် အခြေခံကျပြီး ရသင့်ရထိုက်သည့် အခွင့်အရေးများဖြစ်ကြောင်း။

**"စားနပ်ရိက္ခာဖူလုံဖို့ ဝိုင်းဝန်းကြိုးပမ်းထုတ်လုပ်စို့"** ဆိုသည့် ယခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ ဆောင်ပုဒ်သည် လူထုလူတန်းစား အလွှာအသီးသီးကို တပ်လှန့်လိုက်သော နှိုးဆော်ချက်တစ်ခုဖြစ်ကြောင်း၊ ငတ်မွတ်မှုကို မဖြေရှင်းနိုင်သရွေ့ ဆင်းရဲမွဲတေမှုကို တိုက်ဖျက်ရာ၌ နှောင့်နှေးမှုများ ရှိနေဦးမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် အချိန်ကာလများကိုပြန်လည်ဆန်းစစ်ကြည့်လျှင် ကမ္ဘာနှင့်အဝန်း စိုက်ပျိုးထုတ်လုပ်မှုများ ပိုမိုတိုးတက်လာအောင်ကြိုးပမ်းခဲ့သော်လည်း ဆင်းရဲငတ်မွတ်သူ ဦးရေကို သတ်မှတ်ကာလအတွင်းတွင် ရည်မှန်းထားသည့် ပမာဏထိ ကျဆင်းသွားမှု မရှိသေးသည်ကိုတွေ့ရကြောင်း၊ ထောင်စုနှစ်သစ်ကို ဆယ်စုနှစ် တစ်နှစ်စာနီးပါး ချဉ်းကပ်လာသည့် အချိန်အထိ စားနပ်ရိက္ခာဖူလုံရေးဆိုသော စိန်ခေါ်မှုကြီးကို ရင်ဆိုင်မြဲ ရင်ဆိုင်နေရဆဲဖြစ်ကြောင်း၊ ထိုပြဿနာကို မဖြေရှင်းနိုင်သမျှ လာမည့် ၂၀၁၅ခုနှစ်တွင် ဆင်းရဲငတ်မွတ်မှုဒဏ် ခံစားနေရသော ကမ္ဘာ့ပြည်သူဦးရေ၏ ထက်ဝက်ထိ လျော့ချရေးဆိုသည့် ထောင်စုနှစ်ရည်မှန်းချက်ပထမပန်းတိုင်သည် ဝေးကွာနေဦးမည် ဖြစ်ကြောင်း။

မိမိတို့ မြန်မာနိုင်ငံတွင်စိုက်ပျိုးမွေးမြူရေးနှင့် သစ်တောလုပ်ငန်းများသည် နိုင်ငံ၏ပင်မစီးပွားရေး ကဏ္ဍဖြစ်သည့်အတွက် နေ့စဉ်တိုးတက်နေသော ပြည်သူ ပြည်သားများအတွက် စားနပ်ရိက္ခာတိုးတက်ထုတ်လုပ်နိုင်ရန် ဘက်ပေါင်းစုံက ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ လိုအပ်သည့် စိုက်ပျိုးမြေ တိုးချဲ့ရေး၊ စိုက်ပျိုးရေဖူလုံစွာရရှိရေး၊ စက်မှုလယ်ယာလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလာရေးတို့ကိုလည်း နည်းလမ်းပေါင်းစုံဖြင့် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ သား၊ ငါး ကဏ္ဍ၊ သစ်တောကဏ္ဍများတွင်လည်း ကဏ္ဍအလိုက် စားနပ်ရိက္ခာထုတ်လုပ်မှုများတိုးတက်နေပြီး သဘာဝဝန်းကျင်များ ရေရှည်တည်တံ့ရေးကိုပါ တစ်ပါတည်း ဟန်ချက်ညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကြီး၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ အဖွဲ့ကြီး၏ရည်မှန်းချက်ဖြစ်သည့် ဆင်းရဲငတ်မွတ်မှု တိုက်ဖျက်ရေးလုပ်ငန်း၌ အခြားအဖွဲ့ဝင် နိုင်ငံများနှင့် တက်ညီလက်ညီ ပူးပေါင်းပြီး ကျရာတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။ ယနေ့ ဤအခမ်းအနားကို တက်ရောက်လာကြသော လူထုလူတန်းစား အသီးသီး၊ အဖွဲ့အစည်းအသီးသီးက ပုဂ္ဂိုလ်များအနေဖြင့်လည်း စားနပ်ရိက္ခာ စားသုံးပိုင်ခွင့်သည် လူသားတိုင်းအတွက်ဖြစ်သည်ဆိုသည်ကို သိနားလည်ပြီး ယနေ့ကမ္ဘာတွင် ဆင်းရဲမှုကြောင့် ငတ်မွတ်၊ ငတ်မွတ်ခြင်းကြောင့် ချို့တဲ့ရသော ဖြစ်ရပ်များကို နည်းနိုင်သမျှ နည်းပါးလာအောင် ဝိုင်းဝန်းကူညီသွားကြရန် ဤနေရာကနေ တိုက်တွန်းလိုက်ကြောင်း။

နိဂုံးချုပ်အနေဖြင့် လူသားတိုင်းအတွက် ရပိုင်ခွင့်ဖြစ်သည့် စားနပ်ရိက္ခာ စားသုံးပိုင်ခွင့်ကို လူသားတိုင်းရရှိရေး၊ ရရှိသော အစားအစာ၏ အန္တရာယ်ကင်းရှင်းရေး၊ ဆင်းရဲငတ်မွတ်ခြင်းနှင့် ယှဉ်တွဲလာသော လူမှုစီးပွားပြဿနာများ လျော့ပါးလာရေးတို့အတွက် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံကလည်း အခြားအဖွဲ့ဝင်နိုင်ငံများနှင့်အတူ တစ်သွေးတည်း တစ်သားတည်းစိတ်ထားဖြင့် ပါဝင်လျက်ရှိကြောင်းပြသရန် ယခုစတင်တော့မည့် ကမ္ဘာတစ်ဝန်း မီးထွန်းပွဲ၌ စိတ်ရောကိုယ်ပါ ဝင်ရောက်ဆင်နွှဲကြပါစို့ဟု တိုက်တွန်းရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ယင်းနောက် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Mr.Tang Zheng Ping က ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန အကအဖွဲ့မှ FAO သီချင်းတေးသရုပ်ဖော်ဖြင့် ဂုဏ်ပြုတင်ဆက်သည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် FAOဌာနေကိုယ်စားလှယ် Mr.Tang Zheng Ping တို့ကလည်းကောင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့က လည်းကောင်း ဦးဆောင်၍ စက်ခလုတ်များနှိပ်ပြီး ဖယောင်းတိုင်နှစ်တိုင်ကို တစ်ပြိုင်နက် ထွန်းညှိကြရာ တက်ရောက်လာကြသူများကလည်း တစ်ပြိုင်နက် မီးရှူး၊ မီးပန်းများ စတင်ပစ်ဖောက်ကြသည်။

ယင်းနောက် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် FAO ဌာနေကိုယ်စားလှယ်တို့က ဖယောင်းတိုင်မီးများ ထွန်းညှိကြရာ တက်ရောက်လာကြသူများက မီးရှူး၊ မီးပန်းများ ဆက်လက်ပစ်ဖောက်ပြီးနောက် ပရိသတ်များက ဖယောင်းတိုင်မီးများ မီးထွန်းညှိကြကာ မီးရှူး၊ မီးပန်းများကို မြိုင်မြိုင်ဆိုင်ဆိုင် ပစ်ဖောက်ကြသည်။

ဆက်လက်၍ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ဆီမီးခွက် ယိမ်းအကဖြင့် ဂုဏ်ပြုတင်ဆက်သည်။

ထို့နောက် ဝန်ကြီးများနှင့် FAO ဌာနေကိုယ်စားလှယ်တို့က ဂုဏ်ပြုကပြဖျော်ဖြေတင်ဆက်သည့် အနုပညာရှင်များအား ဂုဏ်ပြုဆုချီးမြှင့်ကြပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)



**နှစ်ဖက်မိဘများဖြစ်သော ဦးကျန်–ဒေါ်ညွန့်ယုံ၊ ဦးလှ–ဒေါ်စုတို့အား ရည်စူး၍ ရန်ကုန်မြို့ လှိုင်မြို့နယ်(၈)ရပ်ကွက် မယ်ဇီကုန်းလမ်းနေ ဦးသန်းလွင်–ဒေါ်စိန်စိန် သားသမီးမြေးတစ်စုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေ ကျပ် ငါးသိန်းကို ဒွိပိဋကဆရာတော် ဘဒ္ဒန္တဇဋိလထံ ရေစက်ချအနုမောဒနာ တရားနာယူပြီး တိ–နိ(ရန်ကုန်ဌာန) လက်ထောက်အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။**
(ကြေးမုံ)



**ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား (၂)ရပ်ကွက် မိုးညှင်းဝိပဿနာတိုက်သစ်ကြီး၏ မဟာရုံတံတိုင်း ဆောက်လုပ်ပြုပြင်ရန်အတွက် သဃ်န်းကျွန်းမြို့နယ် သုမင်္ဂလာအိမ်ရာနေ ရဟန်းဒါယကာကြီး ဦးတင်မြင့်ဦး–ရဟန်းမယ်တော်ကြီး ဒေါ်စောကြည်၊ သား ဖြိုးဇော်ဟိန်း၊ ဖြိုးညီညီဟိန်း၊ ကြည်ကြည်သစ်စက် မိသားစုတို့က မဟာရုံတံတိုင်း ငါးခန်းအတွက် အလှူငွေ ကျပ် ၁၅၀၀၀၀၀ကို နာယကဆရာတော် မိုးညှင်း အရှင်ဣန္ဒကထံ ဆက်ကပ်လှူဒါန်းစဉ်။**
(က–ပ)



**ကမာရွတ်မြို့နယ် ပြည်လမ်း မာလာမြိုင်ရိပ်သာနေ မိခင်ကြီး ဒေါက်တာ ဒေါ်လွင်နှင်းဆီအား ရည်စူး၍ ဖခင် ဦးထွန်းအောင်၊ သား၊ သမီးများဖြစ်ကြသော ဒေါ်ခင်ခင်အောင်၊ ဦးမင်းအောင်၊ ဒေါ်မိုးမိုးအောင်၊ ဒေါ်မျိုးမျိုးအောင်၊ ဦးသင်းအောင် မိသားစုတို့မှ ကြေးပြားလေးချပ် တန်ဖိုးငွေကျပ် ၁၀၀၀၀၀ ကို ကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းရေး ဦးဆောင် ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ) (ဖုန်း–၅၄၈၈၀၅) ထံ လာရောက်လှူဒါန်းကြရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။**
(က–ပ)

## ဆွမ်းဆန်တော်လှူဒါန်းပွဲအတွက် အလှူငွေပေးအပ်

**ရန်ကုန် အောက်တိုဘာ ၂၃**

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် အထက်ကြည့်မြင်တိုင်လမ်း အမှတ် ၈၉ ရှိ ပရိယတ္တိသာသနာ နုဂ္ဂဟ (ရန်ကုန်) ဆန်လှူအသင်းကြီးသို့ (၃၂) ကြိမ်မြောက် တန်ဆောင်မုန်းလပြည့် ဆွမ်းဆန်တော် လှူဒါန်းပွဲအတွက် လမ်းမတော်မြို့နယ် မဟာဗန္ဓုလလမ်းနေ ဦးသိန်းအောင်–ဒေါ်သက်ခိုင်စော၊ သမီး မသဇင်ထက်နှင့် မသဇင်ထွန်း မိသားစုတို့က အလှူငွေ ကျပ် ၁၀၄၈၅၀၀ ကို အောက်တိုဘာ ၁၉ ရက်က အသင်းဥက္ကဋ္ဌ ဦးမောင်မောင်၊ အကျိုးတော်ဆောင်ချုပ် ဦးအေးတို့ထံ ပေးအပ်လှူဒါန်းသည်။**(ဝဲပုံ)**

အဆိုပါ အသင်းကြီးက ရန်ကုန်မြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်ပေါင်း ၂၀၆ တိုက်မှ စာချစာသင်ရဟန်း သာမဏေတို့အား တစ်နှစ်လျှင် သုံးကြိမ် ဆွမ်းဆန်တော်များ လှူဒါန်းလျက်ရှိရာ လှူဒါန်းလိုသော အလှူရှင်များသည် ဖုန်း–၅၃၇၉၂၈သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)



# ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်
☆ အေးချမ်းမှုကို လိုလားသည်
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

★ မိုးလုံးပြည့်မုသာဝါဒီ RFA VOA နှင့် BBC
★ RFA VOA BBC အဖျက်သမားများ သတိထား
★ RFA VOA နှင့် BBC
လေလှိုင်းပေါ်က လူသတ်သမားများ
ပြည်သူအားလုံး သတိထား

## အကြမ်းဖက်ဆူပူမှုကြောင့် မည်သူတွေအကျိုးရှိပြီး မည်သူတွေအကျိုးမဲ့သနည်း

☆ **အကြမ်းဖက်ဆူပူမှုကြောင့်—**

အေးချမ်းစွာနေလိုသည့် ပြည်သူများ စိုးရိမ်ပူပန်နေရသည်။
ကျောင်းသား ကျောင်းသူများ၏ပညာရေး နှောင့်နှေးကြရသည်။
ကုန်စည်စီးဆင်းမှုများ နှောင့်နှေးခဲ့ရသည်။
လမ်းဘေးဈေးသည်များ အရောင်းအဝယ်ပျက်ကြရသည်။
ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများ နှောင့်နှေးကြန့်ကြာရသည်။

☆ **အကြမ်းဖက်ဆူပူမှုကြောင့်—**

အမှန်တကယ်အကျိုးရှိသူများမှာ ကိုလိုနီနယ်ချဲ့ ပွဲကြီးများသာ ဖြစ်သည်။
သွေးထိုးလှုံ့ဆော်သူများ တိတ်တိတ်ပုန်း ဒေါ်လာများ ရနေသည်။
ပြည်ပြေးများ၊ ပုဆိန်ရိုးများသာ ကောင်းစားကြသည်။
နယ်ချဲ့အလိုတော်ရိများသာ ဒေါ်လာဆုကြေးများ ရနေကြသည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်
☆ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်
☆ အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား

(24-10)20.P65 1 1/2/32, 7:30 PM